ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-4-2012) (၇၁၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

သဝဏ်လွှာများ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၉၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာများ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

သဝဏ်လွှာများမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာများနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်သည်။

ယနေ့ မှတ်တမ်းတင်ဆောင်ရွက်သည့် သဝဏ်လွှာများတွင် ပါဝင်သောကိစ္စရပ်များမှာ ပြည်ထောင်စုအစိုးရအဖွဲ့နှစ်ပတ်လည်အစီရင်ခံစာနှင့် သုံးလပတ်အစီရင်ခံစာများ ပေးပို့ရေးကိစ္စ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်သစ်ပြောင်းလဲကျင့်သုံးခြင်းကိစ္စ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေလျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကိစ္စတို့ဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းကဏ္ဍ၌ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားရှင်းလင်းသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာအမှတ် (၁/၂၀၁၂)ဖြင့် တင်သွင်းခဲ့ပြီး ထိုတင်သွင်းလွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက မတ် ၂၈ ရက်တွင် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုံးဖြတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယ နေ့ သ တင်း အ ညွှန်း

"လောကီရေးရာအဖြာဖြာကို ကြိုတင်ပြင်ဆင်မှု အလေ့အထရှိသူတွေဟာ ဘဝနေရေးထိုင်ရေးမှာ ပြင်ဆင်တတ်လို့ သေရေးကိုပါ ပြင်ဆင်တတ်မှာ သေချာ•••အဲဒီလူမျိုးဟာ သံသရာမှ ကျွတ်လွတ်ပြီး ကောင်းရာဘဝကို ရောက်မှာသေချာ•••"

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ ၂

"ယခုပြင်ဆင်ပြဋ္ဌာန်းခဲ့သော အခွန်ဥပဒေများအရ သင့်တင့်သော အခွန်နှုန်းများဖြင့်သာ အခွန်ပေးဆောင်ရတော့မည်ဖြစ်သဖြင့် ယခင်ကဲ့သို့ အခွန်တိမ်းရှောင်ခြင်းမပြုကြတော့ဘဲ ဂုဏ်သိက္ခာရှိရှိဖြင့် မိမိ၏ ဝင်ငွေအမှန်ပေါ်တွင် ပေးသင့်ပေးထိုက်သည့် အခွန်ငွေများ အပြည့်အဝပေးဆောင်"

စာမျက်နှာ ၆

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန် အယ်လီဇဘတ်တေလာအဖြစ် သရုပ်ဆောင်မည်

အနုပညာသတင်း စာမျက်နှာ ၉

ပဏ္ဍာမနိုင်ငံ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမားများ ရွေးချယ်မည်

အားကစားသတင်း စာမျက်နှာ ၁၀

"မြို့ပြ၏ လက်ရှိအိမ်သာများ အခပေးနေကြရ••• အခွန်ထမ်းပြည်သူများအတွက် မြို့ပြအိမ်သာများသည် တစ်ချိန်ချိန်မှာ အခမဲ့ အိမ်သာများဖြစ်လာနိုင်•••အရာရာတွင် မိမိကိုယ်မိမိ တာဝန်ယူလာနိုင်မှုသည် ဒီမိုကရေစီ၏ အနှစ်သာရပင်•••"

သူ့အမြင် သူ့အတွေး စာမျက်နှာ ၁၀

ကြေးမုံစာတည်းရှုထောင့်

၂၅-၄-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

ချိုးနှိမ်မာန်ချ နိဝါတောစ

မာန်မာနကြီးခြင်းသည် ကောင်း၏။ မကောင်း၏။ မာန်မာနကို ထားထိုက်၏။ မထားထိုက်၏ဟူသည့် အဆိုနှင့်စပ်လျဉ်း၍ တစ်ခါက ပုံပြင်တစ်ပုဒ်ရှိခဲ့သည်။

တစ်ရံရောအခါက ဖုန်းတောင်းစားတစ်ဦးသည် တစ်ခုသောတောစပ်၌ရှိသည့် ဇရပ်တစ်ဆောင်တွင် ခေတ္တထိုင်နေခိုက် မြက်ထုံးကြီးတစ်ထုံးကို ထမ်းပိုးတစ်ချောင်းနှင့် ပင်ပန်းကြီးစွာထမ်းလာသော လူချမ်းသာတစ်ဦး ရောက်လာသည်ကို တွေ့လိုက်ရသည်ဟူ၏။ မောပန်းနေသည့် လူချမ်းသာသည် အပန်းဖြေပြီးနောက် ပြန်လည်ထွက်ခွာရန်ပြင်ဆင်သောအခါ လာစဉ်ကအတိုင်း မြက်ထုံးကြီးကို တစ်ထုံးတည်းစည်းထုံးပြီး ထမ်းပိုးတစ်ဖက်တွင် ချိတ်တင်ကာ တစောင်းထမ်းနေသည်ကို တွေ့ရသောကြောင့် ဤသို့အကြံပေးမိသည် ဟူ၏။

‘အမောင် ထမ်းပိုးမှာ မြက်ထုံးတစ်ခုတည်းကို ချိတ်ကာ တစောင်းထမ်းမည့်အစား မြက်များကို အညီအမျှ နှစ်ထုံးခွဲစည်းပြီး ထမ်းပိုးတစ်ဖက်တစ်ချက်မှာချိတ်ကာ ထမ်းပါက များစွာသက်သာပေမည် မဟုတ်ပါလား’ ဟုအကြံပေးသည်ကို လူချမ်းသာက အတန်ကြာစဉ်းစား၏။ သေသေချာချာစဉ်းစားပြီးနောက် လူချမ်းသာက ဤသို့ဖြေ၏။

‘အချင်းဖုန်းတောင်းစား သင်ပြောသောအကြံသည် ကောင်း၏။ မှန်၏။ မြက်များကို နှစ်စု၊ နှစ်ထုံးခွဲစည်းကာ ထမ်းလျှင် များစွာသက်သာမည်မှာ မှန်ပေ၏’ ဟုဝန်ခံလေသည် ဟူ၏။

ထိုသို့ဝန်ခံသော်လည်း လူချမ်းသာက မြက်ထုံးကြီးကို ပြင်ဆင်စည်းနှောင်ခြင်းမပြုဘဲ ရောက်လာစဉ်ကအတိုင်း တစ်ထုံးတည်းကိုသာ ထမ်းပိုးတွင် ချိတ်တင်ပြီး တစောင်းထမ်းကာ ပင်ပန်းတကြီး ခရီးဆက်လေသည်ဟူ၏။ ခရီးမဆက်မီ လူချမ်းသာက ‘အချင်းဖုန်းတောင်းစား သင်ပေးသောအကြံကောင်းသည်မှာ မှန်၏။ သို့သော် သင်သည် ဖုန်းတောင်းစားသာဖြစ်ချေ၏။ ငါကား လူချမ်းသာဖြစ်ချေ၏။ လူချမ်းသာတစ်ဦးက ဖုန်းတောင်းစားပေးသောအကြံကို နာယူလက်ခံလျှင် ရာဇဝင်ရိုင်းချေ၏။ ထို့ကြောင့် မည်မျှပင်ပန်းစေကာမူ ငါသည် မူလကထမ်းသည့်နည်းအတိုင်း ထမ်းပေအံ့’ ဟူ၏။ မိမိ၏နေဥစ္စာမာန်ဖြင့် မိမိထက်နိမ့်ကျသောသူက ပေးသောအကြံဉာဏ်ကို မိမိကဲ့သို့ ချမ်းသာသောသူက ယူရန်မသင့်ဟု ဆိုလိုခြင်းဖြစ်၏။

အမှန်တွင် မာန်မာနထားခြင်းသည် ဂုဏ်ရှိန်မြင့်မားသူအဖို့ မိမိဂုဏ်ကို မိမိဆယ်လိုသောအားဖြင့် မိမိအဆင့်အတန်းကို မချနိုင်ခြင်းဖြစ်သော်လည်း တရားတော်အရမူ မိမိကိုယ်နှုတ်စိတ်သုံးပါးလုံးကို နှိမ့်ချထားခြင်းသည် နိဝါတောစ မင်္ဂလာမည်သည်ဖြစ်၍ မာန်မာနမထားခြင်းသည်သာ ကောင်းမွန်လှပေသည်။ မာနဟူသည် ထောင်လွှားခြင်းသာဖြစ်၍ အကုသိုလ်စိတ်သာဖြစ်စေအပ်၏။ သမာနတ္တတာ မည်သူ့ကိုမဆို ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ရာ၏ဟုလည်း ဆိုထား၏။

အချို့သောသူတို့သည် အမျိုး၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်သိန်အားဖြင့် မိမိနှင့်မညီမျှဖြစ်နေကြသည့်အခါ ထိုသူတို့နှင့် အတူစား၊ အတူသွား၊ အတူနေ၊ အတူထိုင်ခြင်းတို့ဖြင့် တန်းတူထား၍ မဆက်ဆံလိုကြပေ။ အကယ်၍ ထိုသူတို့အား တန်းတူထား၍ဆက်ဆံလိုက်လျှင် ထိုသူလည်းအလွန်ဝမ်းမြောက်၊ မိမိလည်း စိတ်ချမ်းသာမည်သာ ဖြစ်ပေသည်။ အဆိုပါပုံပမာတွင် မိမိတို့နိမ့်ကျသူ၏အကြံဉာဏ်ကို မယူလိုက်ခြင်းအားဖြင့် မိမိသာ ပင်ပန်းခြင်းသာအဖတ်တင်လေသည်။ အဆင့်အတန်း မည်မျှမတူသည်ဖြစ်စေကာမူ ကောင်းသောအကြံဉာဏ်ဖြစ်ပါက ရယူလိုက်ခြင်းအားဖြင့် မိမိလည်းသက်သာ ထိုသူလည်း စိတ်ကျေနပ်မည်သာဖြစ်၏။

မျက်မှောက်ကာလ၌လည်း ငါနှင့်ငါသာ နှိုင်းစရာဟု အမျိုးမာန်မတက်ဘဲ ကောင်းသောအကြံဉာဏ်ပေးခြင်းမျိုးကို မည်သူ့ထံမှမဆိုရယူပြီး ရည်မှန်းချက်ပန်းတိုင်သို့ လွယ်ကူစွာရောက်အောင် ဆောင်ရွက်သင့်သည်။ ကိုယ်နှုတ်စိတ်သုံးပါးလုံးကို နှိမ့်ချ၍ မျိုးနွယ်မတူ မည်သူ့ကိုမဆို ကိုယ်နှင့်ထပ်တူပြုမူဆက်ဆံခြင်း၊ အသိအမှတ်ပြုခြင်းတို့သည် ကောင်းကျိုးမင်္ဂလာသာဖြစ်စေနိုင်ပါသည်။ ။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၂၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်ချိန်တွင် လူသစ်စိတ်သစ်နှင့် နေထိုင်ကြရန်၊ (၃၈)ဖြာမင်္ဂလာတရားနှင့်အညီ ကျင့်ကြံအားထုတ်ကြရန်၊ မိမိကိုယ်မိမိ အမြဲဆန်းစစ်နေရန်၊ အသက်ကြီးလာသကဲ့သို့ ဘဝတန်ဖိုးမြင့်မားလာစေရန်၊ ကုသိုလ်နှင့်ယှဉ်သော အလုပ်များဖြစ်စေရန်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားနှင့်အညီ နေထိုင်သွားရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား Siam Commercial Bank PCL ဥက္ကဋ္ဌ Mrs. Kannikar Chali Taporn နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Siam Commercial Bank ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား Siam Commercial Bank PCL ဥက္ကဋ္ဌ Mrs. Kannikar Chali Taporn နှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Siam Commercial Bank အနေဖြင့် မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန်နှင့် မြန်မာဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၁. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၅၅၀	၀. ၀၃၂၃၀
တရုတ် (ယွမ်)	၆. ၃၀၈၀၄	၀. ၁၅၈၅၃
အိန္ဒိယ (ရူပီး)	၅၂. ၆၉၄၁	၀. ၀၁၈၉၈
မလေးရှား (ရင်းဂစ်)	၃. ၀၆၄၈၇	၀. ၃၂၆၂၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၆၂၄	၀. ၈၀၂၄၁
ဂျပန် (ယန်း)	၈၁. ၀၉၉၂	၀. ၀၁၂၃၃
တောင်ကိုရီးယား(ဝမ်)	၁၁၄၀. ၀၂	၀. ၀၀၀၈၈
ယူရို	၀. ၇၅၈၀၁	၁. ၃၁၉၂၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၂၁	၁. ၆၁၄၉၆

အင်တာနက်။

ယနေ့ ဖတ်စရာ မှတ်စရာ

ကောင်းကျိုးမင်္ဂလာတွေ ထာဝရပြာဝေ

ခင်စောမွန်

ကျွန်မတို့ငယ်ငယ်တုန်းက ကျောင်းတက်ခေါင်းလောင်းထိုးသံကြားလျှင် ဦးစွာကျောင်းခန်းမထဲသို့ ကျောင်းသားအားလုံး စုံစုံညီညီအရောက်သွားကြရပါတယ်။ လူစုံသည်နှင့် ကျောင်းအုပ်ဆရာမကြီးနဲ့တကွ ဆရာ ဆရာမများက ဘုရားခန်းရှေ့မှာထိုင်၊ ကျွန်မတို့ကျောင်းသား ကျောင်းသူတွေက နောက်မှာထိုင်ပြီး ဘုရားကို ဦးစွာရှိခိုးဦးချကာ မင်္ဂလာသံပေါက်များကို ပြိုင်တူရွတ်ဆိုကြရပါတယ်။ အဲဒီသံပေါက်တွေထဲက “ကုသိုလ်ပညာ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ၊ ရှေးကတင်ကြိုပြုခဲ့ဖူးတဲ့ ကောင်းမှုအထူးရှိပါစေ၊ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ” ဆိုတဲ့ သံပြိုင်ရွတ်ဆိုလွင့်ပျံ့နေတဲ့ သံပေါက်လေးဟာ ကျွန်မစိတ်နှလုံးဘဝင်ကို လှုပ်ခတ်စေဆုံးအသံဖြစ်ပါတယ်။ ဒီမင်္ဂလာသံပေါက်လေးတွေဟာ ကျွန်မတို့အတွက် မဖြစ်မနေလိုအပ်တဲ့ မင်္ဂလာတရားဖြစ်ပါတယ်။ အဲဒီမင်္ဂလာတရားတော်အတိုင်း ပြုမူနေထိုင်သွားရင် ဘဝမှာ သက်သောင့်သက်သာ၊ ချမ်းချမ်းသာသာ အသက်မွေးခွင့်ရမှာ ဖြစ်ပါတယ်။ ဒီမင်္ဂလာကို မေ့လျော့နေရင်တော့ ဘဝမှာ ပင်ပန်းတကြီး ဆင်းဆင်းရဲရဲနဲ့ ရုန်းကန်နေရဦးမှာဖြစ်ပါတယ်။

“ပုဗ္ဗေစ ကတပုညတာ၊ ဇတံမင်္ဂလမုတ္တမံ” ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ရှိခြင်းသည် မြတ်သောမင်္ဂလာဖြစ်ပေ၏ဟု ရှင်တော်ဘုရား ဟောတော်မူခဲ့ပါတယ်။ မိဘဆွေမျိုးသိုက်သိုက်ဝန်းဝန်းနဲ့ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူများဟာ ရှေးရှေးဘဝက ကောင်းမှုကုသိုလ်ပြုခဲ့သူတွေလို့ ဆိုနိုင်ပါတယ်။ အဲဒီရှေးရှေးဘဝကကုသိုလ်ကို မပျက်စီးစေဘဲ ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းတတ်ဖို့ လိုပါတယ်။

ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေဟာ စာကိုကြိုးစားသင်ယူခြင်းဟာ ကောင်းတဲ့အလုပ်ပါပဲ၊ ကောင်းတဲ့အလုပ်ဟာ ကောင်းမှုကုသိုလ်ကံပါတဲ့ ကောင်းကျိုးချမ်းသာမင်္ဂလာရှိတဲ့ အလုပ်ဖြစ်ပါတယ်။ နောင်ကြီးပြင်းလာတဲ့အခါ သင်ယူခဲ့တဲ့ ပညာအားလျော်စွာ အရာရှိအရာခံ၊ ကွန်ပျူတာပညာရှင်၊ လက်မှုပညာရှင်၊ စက်မှုပညာရှင်၊ စီးပွားရေးပညာရှင်၊ ကုန်သည်ပွဲစားကြီးတွေဖြစ်ကြပြီး ကြီးပွားချမ်းသာကာ လူ့လောကအလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်နိုင်မှာဖြစ်ပါတယ်။

လူဆိုတာ အတိတ်ကံပါရုံတင်မကပါဘူး၊ ပစ္စုပ္ပန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာကိုပေးမယ့်အလုပ်ကို လုပ်တာဟာလည်း ကောင်းမှုကုသိုလ်လုပ်တာနဲ့ အတူတူပါပဲ။ လုပ်သင့်လုပ်ထိုက်တဲ့ ကောင်းမှုကောင်းရာများကို ကြိုတင်ပြုလုပ်ထားနိုင်ခြင်းဟာ လူတို့ရဲ့ အရည်အချင်းကောင်းတစ်ခုပါပဲ။

ဘယ်သူပဲဖြစ်ဖြစ် နေ့စဉ်ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ကြိုတင်ပြင်ဆင်ပြီးလုပ်ဆောင်မှသာ ဘာပဲလုပ်လုပ် အဆင်ပြေချောမွေ့မှာပါပဲ။ ဒါမှလည်း မင်္ဂလာဖြစ်ပါတယ်။ ကျောင်းသားတစ်ယောက်ဟာ ညကတည်းက ကျောင်းလွယ်အိတ်ကို ပြင်ဆင်ထားသလို စာကို ကြိုတင်ကျက်မှတ်ထားမှသာ စာမေးပွဲဖြေဖို့ အဆင်သင့်ဖြစ်နေမှာ ဖြစ်ပါတယ်။

ထို့အတူပါပဲ၊ ကျောင်းဆရာ၊ ရုံးဝန်ထမ်း၊ တောင်သူလယ်သမား အစရှိတဲ့ စီးပွားရှာနေကြတဲ့ လူသားအားလုံးဟာ ကိုယ့်လုပ်ငန်းကိစ္စတွေ ကြိုတင်ပြင်ဆင်ထားမှသာ မြန်မြန်ဆန်ဆန်နဲ့ အလုပ်တစ်ခုကို လွယ်ကူအောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လောကီရေးရာအဖြာဖြာကို ကြိုတင်ပြင်ဆင်မှုအလေ့အထရှိသူတွေဟာ ဘဝနေရေးထိုင်ရေးမှာ ပြင်ဆင်တတ်လို့ သေရေးကိုပါ ပြင်ဆင်တတ်မှာ သေချာပါတယ်။ အဲဒီလူမျိုးဟာ သံသရာမှ ကျွတ်လွတ်ပြီး ကောင်းရာဘဝကိုရောက်မှာ သေချာပါတယ်။

ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ဘဝကို ကောင်းအောင်လည်း ဖန်တီးနိုင်သလို ဆိုးအောင်လည်း ဖန်တီးနိုင်ကြပါတယ်။ ကံမကောင်းလို့ ဆင်းရဲနေတဲ့လူတွေဟာလည်း ကိုယ့်ဘဝရဲ့ အားနည်းချက်၊ အားသာချက်တွေကို သတ္တိရှိရှိလက်ခံပြီး ပြုပြင်သင့်တာကို ပြုပြင်လို့ ကောင်းအောင်နေထိုင်သွားမယ်ဆိုရင် ကောင်းကျိုးချမ်းသာကို ဖြစ်ပေါ်စေနိုင်တဲ့ “ပုဗ္ဗေစကတပုညတာ” မင်္ဂလာတည်းဟူသော ရှေးဘဝကပြုခဲ့တဲ့ကောင်းမှုကို ဆက်လက်ခံစားရမှာအမှန်ပါ။ ယခုဘဝလည်း ဆက်လက်ခံစားရဖို့ ကောင်းသောပညာ သင်ယူခြင်း၊ ကောင်းစွာနေထိုင်ခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းသောစိတ်ထားခြင်းတို့ကို ဉာဏ်၊ ဝီရိယနဲ့ယှဉ်ပြီး မိမိတို့သန္တာန်မှာ ထားရှိထားရင် လူတစ်ဦးတစ်ယောက်အတွက်၊ အသင်းအဖွဲ့တစ်ခုအတွက်၊ လူမျိုးတစ်မျိုးအတွက်၊ တိုင်းပြည်တစ်ပြည်အတွက် အလွန်အရေးပါတဲ့ လူတစ်ယောက် မလွဲဧကန်အမှန်ဖြစ်လာမှာပါ။ ။

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။ **မီးသတ်ဦးစီးဌာန**

✳ ပြည်သူ့လွှတ်တော်မှ

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိသော သားငါးရှာဖွေစားသောက်သည့် ရေလုပ်သားများအား အင်းခွန်ကို ကြမ်းခင်းဈေးအရစ်ကျစနစ်ဖြင့် ချထားလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ကျေးလက်ဒေသတွင် ရေပေါ်ရေလျှံ သားငါးရှာဖွေစားသောက်ရာတွင် အခွန်အခမပေးဆောင်ရဘဲ လွတ်လပ်စွာ ရှာဖွေစားသောက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ၁၉၈၉ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ ငါးလုပ်ငန်းအက်ဥပဒေအရ အင်းခွန်ငွေများကို အရစ်ကျပေးသွင်းခွင့်ပြုခဲ့သော်လည်း အင်းလုပ်ငန်းမှာ ရာသီဉတုအပေါ် တည်မှီ၍ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းအရှုံးပေါ်သည့်နှစ်များတွင် ရေလုပ်သားများမှ အရစ်ကျငွေများကို ပေးသွင်းနိုင်ခြင်းမရှိဘဲ အင်းခွန်ကြွေးကျန်များဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုကြွေးကျန်များကို ကောက်ခံရာတွင် ရေလုပ်သားအများစုမှာ အမှန်တကယ်ပေးသွင်းနိုင်မှု မရှိခြင်း၊ အာမခံတင်သွင်းထားသည့် နေအိမ်၊ ပစ္စည်း စသည်တို့ကို သိမ်းဆည်း၍ ကြွေးပေးသွင်းစေရန်မှာလည်း အခက်အခဲရှိခြင်းတို့ကြောင့် အင်းခွန်ငွေအရစ်ကျ ပေးသွင်းစေသည့်စနစ်မှာ ရေလုပ်သားများနှင့် ဌာနအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ကို တွေ့ရှိရပါကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကြောင့် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ဂရန်အင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ၍ အင်းခွန်ငွေများကို နိုင်ငံတော်သို့လက်ငင်းချေစနစ်ဖြင့် အပြေအကြေပေးဆောင်စေလျက် ရှိပါကြောင်း၊ သို့ပါ၍ အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေကျနေထိုင်လျက်ရှိသော ရေလုပ်သားများအနေဖြင့် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေအရ

ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ် စား လှယ် ဦးကျင်ဝမ်း မေးမြန်းစဉ်။

(သတင်းစဉ်)

ဂရန်အင်းများကို ဈေးပြိုင်လေလံဆွဲဝယ်၍လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်း ဆွဲဝယ်ရန် အခက်အခဲရှိပါက အစုအဖွဲ့ဖြင့် ဆွဲဝယ်၍ လည်းကောင်း အပြေအကြေပေးဆောင်ကာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အခွန်ဆောင်ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော သင့်တင့်သည့်နှုန်းထားဖြင့် ကိရိယာခွန်ကောက်ခံရန်ပြဋ္ဌာန်းထားရှိပြီး လက်လုပ်လက်စား ကျေးလက်နေပြည်သူများ တစ်ဝမ်းတစ်ခါးရှာဖွေစားသောက်နိုင်ရန် ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်များမှအပ ကျန်ရှိရေချိုငါးလုပ်ငန်းရေပြင်များတွင် ရေချိုငါးဖမ်းကိရိယာ (၁၆)မျိုးဖြစ်သည့် လက်ထွန်၊ ကိုင်းထောက်၊ ထောင်ကျင်း၊ ငါးမျှားတန်း၊ ဘူးမျှော၊ လက်ပစ်ကွန်၊ ရင်တွန်း၊ ပေါ်ခပ်၊ ယက်သဲ့၊ မြှုံးငယ်အမျိုးမျိုး၊ မြှုံးကြီး၊ တုတ်၊ တစောင်း၊ ဆောင်း၊ လှံထိုး၊ ဂုတ်နှင့် ရေငန်ငါးဖမ်းကိရိယာ(၆)မျိုးဖြစ်သည့် ပေါ်ခပ်၊ ယက်သဲ့၊ တိုင်ထောင်မျှင်၊ ပိုက်ခမင်း၊ ပိုက်စိမ်း၊ ခမင်းမြှုံးတို့ကို အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြု၍ လွတ်လပ်စွာ ရှာဖွေစားသောက်ခွင့်ပြုထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ယမန်နေ့ကတင်သွင်းခဲ့သော ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး**အဆိုနှင့်စပ်လျဉ်း၍ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းနှင့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်တို့က တရားစီရင်ရေးတွင် အဓိက တာဝန်ရှိသူများသည် အမှုကိုဆောင်ရွက်ခြင်း၊ စီရင်ချက်ချမှတ်ခြင်းများကို ပြုလုပ်ရသူဖြစ်သည့်အတွက် တရားမျှတစွာစီရင်ခြင်းဖြင့် တရားရေးမဏ္ဍိုင်ကို တည်တံ့စေနိုင်မည်ဖြစ်ပါကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် အကျင့်သီလနှင့်ပြည့်စုံသော၊ အရည်အချင်း

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း ဥပဒေကြမ်းတင်သွင်းစဉ်။

(သတင်းစဉ်)

ပြည့်ဝသော တရားသူကြီးများကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်စဉ်အတွင်း အကျင့်သီလသမာဓိပျက်ယွင်းကြောင်း၊ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ကြောင်း ကျော်စောသတင်းရရှိသည့်အခါတွင် ယင်းတရားသူကြီးကို ထိရောက်သောအရေးယူမှု ပြုလုပ်ခြင်းဖြင့် တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ပြီး ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်တည်တံ့စေရန်အတွက် ပြည်နယ်၊

ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ် စား လှယ် ဒေါ်နန်းဝါနု ဆွေးနွေးစဉ်။

(သတင်းစဉ်)

တိုင်းဒေသကြီးများတွင် အကျင့်သီလနှင့်ပြည့်စုံပြီး အရည်အချင်းပြည့်သည့်ပုဂ္ဂိုလ်များပါဝင်သော တရားစီရင်ရေးကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းပြီး သက်ဆိုင်ရာတရားရုံးများ၏ တရားစီရင်ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ တည့်မတ်စေခြင်း၊ ညွှန်ကြားမှုများပေးခြင်း၊ အရေးယူခြင်း စသည်တို့ကို ပြုလုပ်ရန်လိုအပ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန် မျှတသန့်ရှင်းကြံ့ခိုင်စေရန်အတွက် အစိုးရမှစ၍ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီထောက်မပေးရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ယခုအဆိုသည် အပြုသဘောဆောင်သည့် အဆိုဖြစ်သည့်အတွက် ယေဘုယျအားဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ အဆိုတွင် ပါဝင်သော တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာမှ ဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေစိုးမိုးမှ ပြည်သူများ ဥပဒေဘောင်အတွင်း လုံခြုံအေးချမ်းစွာ နေထိုင်အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေးအပြည့်အဝခံစားနိုင်ရေးအတွက် တတိယမဏ္ဍိုင် ဖြောင့်မတ်ခိုင်မာနေရန် အလွန်အရေးကြီးကြောင်း တင်ပြချက်မှာ မှန်ကန်ပါကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရာတွင် လာဘ်ပေး လာဘ်ယူကိစ္စ၊ အဂတိတရားလိုက်စားမှုကိစ္စများကို ဝိုင်းဝန်းဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ကူညီထောက်မပေးသည်ကို အကြောင်းပြုပြီး တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြယ်လှယ်ခြင်း မဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက လွတ်လပ်စွာ တရားစီရင်ရေးကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ တရားစီရင်ရေးမူကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် တရားစီရင်ရေးကဏ္ဍက လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးသည် အဂတိလိုက်စားမှု ကင်းရှင်းခြင်းအပေါ် အခြေခံပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်တွင် အဂတိလိုက်စားမှု ကင်းရှင်းစေရန် စိတ်ဓာတ်၊ ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းလိုက်နာရေး၊ အသိအမြင်မြှင့်တင်ရေး၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေတို့နှင့်အညီ ဆောင်ရွက်ရေး အစရှိသည့် ဘက်စုံချဉ်းကပ်မှုနည်းလမ်းများနှင့် ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်းများ ပြုလုပ်ပြီး အဂတိလိုက်စားမှုများတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် သူရဦးအောင်ကို၏အဆိုကို ထောက်ခံသည့်ဦးရေများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ချမ်းငြိမ်းက **၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း**ကို တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ ဧပြီ ၂၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့ ဝေဘူချောင်ဘုန်းတော်ကြီးကျောင်း၌ ပထမဆုံးအကြိမ် စက်ရေတွင်းအောင်မြင်စွာ တူးဖော်နိုင်

ကျောက်ဆည်မြို့ ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ အောင်မြင်စွာတူးဖော်နိုင်ခဲ့သော စက်ရေတွင်းနှင့် အုတ်ရေစင်ကို ပန်းရစွာတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ သောက်သုံးရေရှားပါးသော ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် စက်ရေတွင်းတစ်တွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်းက ကျောက်ဆည်မြို့ရှိ ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ Bourne တွင်းတူးစက်ဖြင့် ခြောက်လက်မ စက်ရေတွင်းတစ်တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီတွင် ဂါလန် ၂၈၀၀၊ ရေနေပေ ၂၈/၈၅ ပေ၊ တွင်းတူးအနက်ပေ ၃၆၅ ပေဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

ကျောက်ဆည်မြို့ ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းသည် ယခင်ခေတ်အဆက်ဆက်တွင် ရေအလွန်ရှားပါးသဖြင့် မိုးရေကိုသာ အဓိကအားထားခဲ့ရသည်။ ပထမဝေဘူဆရာတော်ကြီး လက်ထက်တွင် ကျောင်းဝင်းအတွင်း ရေတွင်းတူးဖော်ခဲ့သော်လည်း ကျောက်ဖျာတွေ့ရှိသဖြင့် တစ်နေ့လျှင် ရေဂါလန် ၄၅၀ ခန့်သာ ထွက်ရှိခဲ့ပြီး ရေလုံလောက်မှုမရှိခဲ့ချေ။

ဒုတိယဝေဘူဆရာတော်ကြီးလက်ထက်တွင် ငွေကျပ် သုံးသိန်းခန့် အကုန်အကျခံ၍ စိန်လွန်သွားသုံးခုဖြင့် စက်ရေတွင်းတူးဖော်ခဲ့သော်လည်း ပေ ၁၈၀ အနက်တွင် ၁၅ မိနစ်ခန့်သာ ရေထွက်ခဲ့ပြီးနောက်ပိုင်းအောင်မြင်မှုမရှိခဲ့ဟု သိရသည်။

ယင်းသို့ အကြိမ်ကြိမ်စက်ရေတွင်းတူးဖော်၍ အောင်မြင်မှုမရှိဘဲဖြစ်ခဲ့ရာမှ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကူညီစီစဉ်ပေးမှုဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်းက စက်ရေတွင်းတူးဖော်ခဲ့ရာ စစ်ရေတွင်းစတင်တူးဖော်သည်မှ ၁၄ ရက်အကြာတွင် ရေထွက်ရှိပြီး ပထမဆုံးအကြိမ် အောင်မြင်စွာတူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။

ဝေဘူချောင် ဘုန်းတော်ကြီးကျောင်းတိုက်၏ လက်ရှိပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဉာဏိန္ဒက "မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်က ကျောင်းဝင်းအတွင်းရှိ ရေကန်ကြီးမှာ ရေတွေလျှံကျနေသည်ဟု အိပ်မက်မက်ခဲ့ကြောင်း၊ ရေအလွန်ရှားပါးလွန်းသဖြင့် အိပ်မက်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း ယခုအခါ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ စက်ရေတွင်းတူးဖော်ပေးမှုကြောင့် အိပ်မက်မှာ အမှန်တကယ် ဖြစ်လာပြီဖြစ်ကြောင်း၊ ရေအခက်အခဲမရှိတော့၍ ကျောင်းနေသံဃာများနှင့် ဒါယကာ ဒါယိကာမများ အလွန်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း"ဟု မိန့်ကြားတော်မူခဲ့သည်။

ယခုအခါ ကျောင်းဝင်းအတွင်း အလှူရှင်တစ်ဦး လှူဒါန်းထားသော အုတ်ရေစင်ပေါ်သို့ စက်ရေတွင်းမှ ရေစုပ်တင်၍ ကျောင်းတိုက်အတွင်း တစ်နေ့လျှင် ရေဂါလန် ၄၀၀၀ ကျော် ဖြန့်ဝေပေးလျက်ရှိရာ သောက်သုံးရေ အလုံအလောက်ရရှိနေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သိရှိရသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ကိုထွေး

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၀	လျှပ်တစ်ပြက်
၄း၃၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၆း၂၀	Mail Box
၆း၃၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၄၄)
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** **-သူရဲကောင်းလေး ကျွန်မချစ်သူ** **(အပိုင်း-၁၆)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -အိုင်စီတီသုတ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ဒုတိယ အစီအစဉ်"** **(အပိုင်း-၁၆)** **-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

ဧပြီ ၇ ရက်တွင် M3 စားသောက်ဆိုင်၌ ကျင်းပသည့် ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၌ ၂၀၁၁ ခုနှစ် နိုင်ငံတော်မှ စည်သူဘွဲ့ချီးမြှင့်ခံရသော အကယ်ဒမီငါးဆုရှင် ရမည်းသင်းမြို့နယ်အသင်းဝင် ဒေါ်မြင့်မြင့်ခင်အား မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း ဂုဏ်ပြုဆုပေးအပ်စဉ်။ (ကြေးမုံ)

စီးပွားရေးဆိုင်ရာ နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် သီရိလင်္ကာသမ္မတတို့ သဘောတူညီ

ဆိုးလ် ဧပြီ ၂၄

တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်နှင့် သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပတ်ဆာတို့သည် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ကြရန် ဧပြီ ၂၄ ရက်တွင် သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယားသမ္မတရုံးမှ ပြောကြားသည်ဟု ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

ထိပ်သီးဆွေးနွေးပွဲ၏ သီးခြားအစီအစဉ်အဖြစ် နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာသုံးရပ်ကိုလည်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းတို့မှာ လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီရိလင်္ကာနိုင်ငံတွင် စတင်ထူထောင်မည့် အီးဂါးဗားမင့်အစီအစဉ်တို့၌ ပူးပေါင်းဆောင်ရွက်ရေးများဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တောင်ကိုရီးယားသမ္မတနှင့် သီရိလင်္ကာသမ္မတတို့သည် သီရိလင်္ကာနိုင်ငံအစိုးရက ဆောင်ရွက်နေသည့် အမျိုးသားဖွံ့ဖြိုးရေး ၁၀နှစ်ကြာစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ၌ တောင်ကိုရီးယားကုမ္ပဏီများ ပါဝင်ဆောင်ရွက်နိုင်ရေး နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားနှင့် သီရိလင်္ကာနှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်မှုများ မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံ၏ အလယ်တန်းနှင့် အထက်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ကိုရီးယားဘာသာစကားကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ရာ ယင်းဘာသာစကားသင်ကြားမှုအတွက် တောင်ကိုရီးယားနိုင်ငံမှ အထောက်အကူပေးရန်လည်း သဘောတူညီခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။

နှစ်ဖက်သဘောတူညီမှုများအရ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အတွေ့အကြုံများကို သီရိလင်္ကာနိုင်ငံသို့ မျှဝေပေးမည်ဖြစ်ကြောင်း၊ သီရိလင်္ကာအလုပ်သမားဦးရေ ၂၀၀၀၀ခန့်ကို တောင်ကိုရီးယားစက်မှုလုပ်ငန်းများသို့ စေလွှတ်လုပ်ဆောင်စေမည့်အပြင်အလုပ်သမားရေးရာများတွင်လည်း စဉ်ဆက်မပြတ်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပတ်ဆာသည် ဧပြီ ၂၄ ရက်တွင် တောင်ကိုရီးယားသို့ အစိုးရဧည့်သည်တော်အဖြစ် လေးရက်ကြာနေထိုင်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

၎င်းခရီးစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံမှ အဓိကစီးပွားရေးလုပ်ငန်းရှင်ကြီးများက တည့်ခင်းသော နေ့လယ်စာစားပွဲကို တက်ရောက်မည့်အပြင် အညစ်အကြေးသန့်စင်သည့် စက်ရုံတစ်ရုံနှင့် ချူကလီးယားစွမ်းအင်စက်ရုံတစ်ရုံသို့လည်း သွားရောက်လည်ပတ်ပြီး နိုင်ငံစီးပွားရေးခေါင်းဆောင်များ၏ ဆွေးနွေးပွဲသို့လည်း တက်ရောက်မည်ဖြစ်သည်။

သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပတ်ဆာသည် တောင်ကိုရီးယားနိုင်ငံသို့ ၁၆နှစ်အတွင်း ပထမဆုံးအကြိမ်ရောက်ရှိလာသည့် သီရိလင်္ကာသမ္မတဖြစ်သည်။ **အင်တာနက်။**

သီရိလင်္ကာ သမ္မတနှင့် တောင်ကိုရီးယား သမ္မတတို့အား တွေ့ရစဉ်။

အရှေ့တောင်အာရှဒေသ၌ ငါးနိုင်ငံ စစ်ရေးလေ့ကျင့်

ကွာလာလမ်ပူ ဧပြီ ၂၄

အရှေ့တောင်အာရှဒေသ၌ ငါးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နိုင်ရန် ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့က စစ်လေယာဉ် ၁၂စင်းနှင့် ရေတပ်သင်္ဘောနှစ်စင်းတို့ကို ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

စစ်ရေးလေ့ကျင့်

ငါးနိုင်ငံ ကာကွယ်ရေးသဘောတူညီချက်များ ချုပ်ဆိုခဲ့မှု ၄၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။ အဆိုပါ ငါးနိုင်ငံတွင် ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ ပါဝင်သည်။ စစ်ရေးလေ့ကျင့်မှုကို ဧပြီ ၂၄ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **အင်တာနက်။**

စစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည့် ဩစတြေးလျ တိုက်လေယာဉ်တစ်စင်း။

အီရတ်သမ္မတက ကူဝိတ်ဝန်ကြီးအား ဆက်ဒမ်ဟူစိန်၏သေနတ်လက်ဆောင်ပေး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်သမ္မတ ဂျာလာတာလာဘာနီသည် အလည်အပတ်ရောက်ရှိနေသော ကူဝိတ်ဝန်ကြီးကို တစ်ချိန်က ဆက်ဒမ်ဟူစိန်ပိုင်ဆိုင်ခဲ့သည့် သေနတ်တစ်လက် လက်ဆောင်ပေးခဲ့ကြောင်း သမ္မတရုံး သတင်းပေးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ရှိတ်နာဆာဆာဘတ်ချ် အယ်လ်အာမက်အယ်လ်ဂျာဘာအယ်လ်ဘာဘက်ချ်ကို အီရတ်သမ္မတက ဘာနိုရိုင်ဖယ် သေနတ်တစ်လက် ဧပြီ ၂၀ ရက်တွင် ပေးအပ်ခဲ့ကြောင်း၊ ယင်းရိုင်ဖယ်မှာ ဆက်ဒမ်ဟူစိန်ပိုင်ဆိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံလွတ်မြောက်ပြီးနောက် တာလာဘာနီထံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှိတ်နာဆာသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကူဝိတ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ အီရတ်နိုင်ငံမြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်ဒေသသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိနေခြင်းဖြစ်သည်။

ဆက်ဒမ်ဟူစိန်သည် ကူဝိတ်နိုင်ငံကို ၁၉၉၀ပြည့်နှစ်တွင် ကျူးကျော်ဝင်ရောက်ခဲ့ပြီး ၁၉၉၁ခုနှစ်တွင် ပြန်လည်မောင်းထုတ်ခြင်းခံခဲ့ရသည်။

ကူဝိတ်မင်းသား ရှိတ်ဆာဘက်ချ်အယ်လ်အာမက်အယ်လ်ဘာဘက်ချ်သည် မတ် ၂၉ ရက်တွင် ကျင်းပသည့် အာရပ်ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ဘဂ္ဂဒက်သို့ ပထမဆုံးအကြိမ်အဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

တတိယအကြိမ် နျူစမ်းသပ်မှုပြုလုပ်ရန် မြောက်ကိုရီးယား အသင့်ပြင်ပြီးဟုဆို

ပေကျင်း ဧပြီ ၂၄

မြောက်ကိုရီးယားနိုင်ငံသည် တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို မကြာမီ ပြုလုပ်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ယင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် နီးစပ်မှုရှိသော အထက်တန်းတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ဧပြီ ၂၄ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဧပြီ ၁၃ရက်က တာဝေးပစ်ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြောက်ကိုရီးယားနိုင်ငံ၏ မဟာမိတ် တရုတ်နိုင်ငံလည်း ပါဝင်သည်။

မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်များ ထုတ်လုပ်နိုင်စွမ်းရှိမှုကို ပြသသည့်အနေဖြင့် တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုကို ယင်းနိုင်ငံက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆန်းစစ်လေ့လာသူများက ပြောကြားကြသည်။ **အင်တာနက်။**

တရုတ်နိုင်ငံအရှေ့နှင့်အလယ်ပိုင်းဒေသများ၌ မိုးသက်မုန်တိုင်းကျပြီး မိုးသည်းထန်နိုင်

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ ဧပြီ ၂၅ရက်အထိတိုင် မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု တရုတ်မိုးလေဝသဌာနက ဧပြီ ၂၄ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့၌ ဧပြီ ၂၄ရက် ညပိုင်းအထိ မိုးသက်မုန်တိုင်းကျရောက်နိုင်ပြီး အချို့ဒေသများတွင် မိုးရေချိန် ၅၀ မီလီမီတာမှ၁၃၀ မီလီမီတာအထိ သည်းထန်စွာ ရွာသွန်းမည်ဟု အမျိုးသားမိုးလေဝသဗဟိုဌာန (အင်န်အမ်စီ)က သတင်းထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေအေးတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ၄ဒီဂရီမှ ၈ ဒီဂရီဆဲလ်စီးရပ်စ်အထိ အပူချိန်ကျဆင်းသလို မြစ်ဝါမြစ်နှင့် ဟွာယာဟေမြစ်တစ်လျှောက်ဒေသတို့တွင်လည်း အပူချိန်ကျဆင်းပြီး မြောက်ပိုင်းအချို့အရပ်ဒေသများ၌ ၁၂ဒီဂရီအထိ အပူချိန်ကျဆင်းမည်ဟု အဆိုပါဌာနက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းနိုင်သည့် ဒေသများရှိ ပြည်သူများကို မြို့ပြဒေသများ ရေလွှမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ ရေလွှမ်းခြင်းနှင့် ရွှံ့ပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ပြင်ဆင်မှုများပြုလုပ်ကြရန်လည်း သတိပေးနှိုးဆော်ထားသည်။ ဧပြီ ၂၅ရက်မှစတင်၍ ရွာသွန်းသည့်မိုးရေချိန် တဖြည်းဖြည်းလျော့ပေါ့သွားမည်ဟု အမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။ **ဆင်ဟွာ။**



မြောက်ကိုရီးယားနိုင်ငံရှိ နျူကလီးယားစက်ရုံတစ်ရုံကို တွေ့ရစဉ်။

လစ်ဗျားနိုင်ငံ လူမျိုးနွယ်စုများအကြား တိုက်ခိုက်မှုများထပ်မံဖြစ်ပွား လူငါးဦးထက်မနည်းသေဆုံး

ကူဖာ ဧပြီ ၂၄

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက လစ်ဗျားနိုင်ငံရှိ လူမျိုးနွယ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့၍ လူ ၁၀၀ကျော်ခန့် သေဆုံးခဲ့ပြီးနောက် ဧပြီ ၂၁ရက်မှစ၍ လစ်ဗျားနိုင်ငံ ကူဖာမြို့တွင် လူမျိုးနွယ်စုများအကြား ထပ်မံတိုက်ခိုက်ကြပြန်ရာ သုံးရက်အတွင်း လူငါးဦးထက်မနည်းသေဆုံးကြောင်း ဆရာဝန်များက ဧပြီ ၂၄ရက်တွင် ပြောကြားသည်။

တူဘူမျိုးနွယ်စုနှင့် အယ်လ်ဇဝီရာမျိုးနွယ်စုဝင်များအကြား ဧပြီ ၂၁ရက်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း တူဘူမျိုးနွယ်စုဝင်တစ်ဦးသေဆုံးခဲ့ပြီးနောက် ဧပြီ ၂၃ရက်တွင်သဲကန္တာရမြို့ ကူဖာ၌ မျိုးနွယ်စုများအကြား တိုက်ခိုက်မှုများ ရုတ်တရက်ထပ်မံဖြစ်ပွားခဲ့ကြောင်း ဒေါက်တာ တာဟာအဘိုဘေကာတဘူဝီက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

လစ်ဗျားတာဝန်ရှိသူများက ယင်းအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးရန်နှင့် အငြင်းပွားမှုများကိုဖျန်ဖြေပေးရန် အဖွဲ့တစ်ဖွဲ့ကို အဆိုပါမြို့သို့ ဧပြီ ၂၃ရက်တွင်စေလွှတ်ခဲ့သည်။ **အင်တာနက်။**

ယူအေးအီးနိုင်ငံမှ ဆက်သွယ်ရေး ဂြိုဟ်တုကို ရုရှားပရိုတွန်-အမ်ဒုံးပျံဖြင့်လွှတ်တင်

မော်စကို ဧပြီ ၂၄

အာရပ်စော်ဘွားများပြည်ထောင်စု၏ ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို ဧပြီ ၂၄ရက်တွင် ရုရှားပရိုတွန်-အမ်ဒုံးပျံဖြင့် အာကာသအတွင်းသို့ အောင်မြင်စွာပစ်လွှတ်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ရုရှားပြည်ထောင်စု အာကာသအေဂျင်စီက ပြောကြားသည်။ ကုန်သွယ်ရေးနှင့်စစ်ဘက်ဆိုင်ရာများပါ အသုံးပြုမည့် အဆိုပါဆက်သွယ်ရေး ဂြိုဟ်တုယာဆက်ဘီ-၁ ကို ကာဇက်စတန်နိုင်ငံအလယ်ပိုင်းရှိ ဘိုင်ကိုနူးအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဧပြီ ၂၄ရက် မော်စကိုစံတော်ချိန် နံနက် ၂နာရီ ၁၈မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဌေးမြင့်က အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက်သတင်းရယူကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမြသိန်းက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖွဲ့စည်းပုံ၊ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပြီးဥပဒေများနှင့် ရေးဆွဲပြီးဥပဒေကြမ်းများ၊ တည်ဆဲဥပဒေများအပေါ်တွင် ပြင်ဆင်သင့်၊ ပယ်ဖျက်သင့်၊ အစားထိုးသင့်သော ဥပဒေများနှင့် ကော်မရှင်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များက ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်၍ သတင်းရယူကြသည့် ပြည်တွင်းပြည်ပသတင်းဌာနများနှင့် မီဒီယာများက သိရှိလိုသည့် ဥပဒေရေးရာကိစ္စရပ်များကို မေးမြန်းကြရာ တာဝန်ရှိသူအသီးသီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အစည်းအဝေး ကျင်းပ

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ ကျင်းပ

ရန်ကုန် မေ ၂၄

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၁၉) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ ဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ နှစ်ပတ်လည်အစီရင်ခံစာနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ နှစ်ပတ်လည်အစီရင်ခံစာတို့ တင်သွင်းခြင်းများ ဆောင်ရွက်ကြပြီး အထူးအစည်းအဝေးပထမနေ့ကို မွန်းလွဲ ၁ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

အထက်လွှတ်တော်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေး ဗြိတိန်ဝန်ကြီးချုပ် သုံးသပ်ရန်ရှိ

လန်ဒန် မေ ၂၄

ဗြိတိန်နိုင်ငံ၏ အထက်လွှတ်တော် (House of Lords) ကို ရွေးချယ်ခံအမတ်များဖြင့် ဖွဲ့စည်းမည့် လွှတ်တော်တစ်ရပ်အဖြစ် ပြုပြင်ပြောင်းလဲရေးအတွက်လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် သုံးသပ်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်က မေ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် အထက်လွှတ်တော် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်နှင့် ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်နှင့် လက်ထောက်ဝန်ကြီးချုပ် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် နစ်ခ်ကလက်ဂ်တို့အကြား သဘောထားအမြင်ကွဲပြားလျက်ရှိသည်။

ဗြိတိန်နိုင်ငံရေးနယ်ပယ်မှ အဓိကနိုင်ငံရေးပါတီကြီး သုံးရပ်တို့သည် အထက်လွှတ်တော်ကို ပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်ရန် ၂၀၁၀ ခုနှစ်ကပင် ကတိကဝတ်ပြုထားပြီးဖြစ်ရာ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် မလိုအပ်ကြောင်း လက်ထောက်ဝန်ကြီးချုပ် နစ်ခ်ကလက်ဂ်က ပြောကြားခဲ့သည်။

အထက်လွှတ်တော်ပြုပြင်ပြောင်းလဲရေးအတွက် လူထုဆန္ဒခံယူပွဲပြုလုပ်ရေးကို မိမိတို့အနေဖြင့် ထည့်သွင်းစဉ်းစားရန် သင့်ကြောင်း ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် လက်ရှိဝန်ကြီးချုပ် ကင်မရွန်က ပြောကြားခဲ့သည်။

ဗြိတိန် လက်ထောက်ဝန်ကြီးချုပ် ကလက်ဂ်၏ အစီအစဉ်အရ အထက်လွှတ်တော်အမတ်များသည် ၁၅ နှစ် သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နောက်တစ်ဖန် ၎င်းတို့၏ ရာထူးနေရာအတွက် ရွေးချယ်ခံပိုင်ခွင့်ရှိမည် မဟုတ်ပေ။

ယင်းအပြင် အထက်လွှတ်တော်တွင် ပါဝင်သော အမတ်နေရာကိုလည်း ၈၀၀ ခန့်မှ ၄၅၀ အထိ လျှော့ချရန် လက်ထောက်ဝန်ကြီးချုပ်က သုံးသပ်လျက်ရှိသည်။

ဘာသာရေးခေါင်းဆောင် အနည်းငယ်၊ အမတ်နေရာ မျိုးရိုးစဉ်ဆက် လွှဲပြောင်းခွင့်ရှိသော သူကောင်းမျိုးဝင် လွှတ်တော်အမတ် ၉၂ ဦးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဟောင်းများနှင့် သိပ္ပံပညာရှင်များ ပါဝင်သော အမတ်နေရာအစဉ်အဆက် လွှဲပြောင်းပိုင်ခွင့်မရှိသူ လွှတ်တော်အမတ် ၇၀၀ နီးပါးဖြင့် ဗြိတိန်အထက်လွှတ်တော်ကို ဖွဲ့စည်းထားသည်။

အင်တာနက်။

ဆန်တိုရီနီမီးတောင် လှုပ်ရှားမှုကို တိုင်းတာသည့် ကိရိယာတစ်ခုအား တွေ့ရစဉ်။

ဂရိမိုင်နိုအန်ယဉ်ကျေးမှုခေတ်ကို ဖျက်ဆီးခဲ့သော ဆန်တိုရီနီမီးတောင် ပြန်လည်သက်ဝင်လာ

အေသင် မေ ၂၄

လွန်ခဲ့သော နှစ်ပေါင်း ၃၆၀၀ ခန့်က ဂရိနိုင်ငံ ဆန်တိုရီနီကျွန်း (Santorini) ၏ မိုင်နိုအန်ယဉ်ကျေးမှုခေတ်ကို ဖျက်ဆီးခဲ့သည့် မီးတောင်တစ်လုံးသည် နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့ပြီး နှစ် ၆၀ အကြာ၌ တစ်ဖန်ပြန်လည် နိုးထလာပြီဖြစ်ကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြသည်။

ဆန်တိုရီနီမီးတောင်သည် နှစ်ပေါင်း ၄၀၀၀ ကာလအတွင်း ပေါက်ကွဲမှုအငယ်စား အများအပြားရှိခဲ့ရာ အေဂျီယန်ပင်လယ်ပြင်အတွင်းရှိ ဂရိကျွန်းများအကြား ဆန်တိုရီနီမီးတောင်ဝ (Santorini Caldera)အမည်ရှိ ရေအောက်မီးတောင်ဝတစ်ခု ဖြစ်ပေါ်ခဲ့ရသည်။

ဆန်တိုရီနီ ရေအောက်မီးတောင်ဝသည် ၁၉၅၀ ခုနှစ်တိုင် ပေါက်ကွဲမှုအငယ်စားများ ဖြစ်ပွားခဲ့ပြီးနောက် ငြိမ်သက်ခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဆန်တိုရီနီကျွန်းကို အင်အားပြင်းထန်မှုမရှိသည့် မြေလျှင်ငယ်များ ရိုက်ခတ်ခဲ့ကြောင်း လေ့လာချက်များအရ တွေ့ရှိခဲ့ရသည်။

ဆန်တိုရီနီ ရေအောက်မီးတောင်ဝ၌ လှုပ်ရှားမှုများဖြစ်ပေါ်လာခြင်း၏ အကြောင်းတရားများအား သိရှိရန် သိပ္ပံပညာရှင်များ လေ့လာမှုများပြုလုပ်ခဲ့ရာ ယင်းမီးတောင်ဝ၏ ယခင်ဖွဲ့စည်းမှုပုံစံမှာ ပြောင်းလဲလျက်ရှိပြီး တွင်းဝ နှုတ်ခမ်းသားပတ်လည်ရှိမြေပြင်မှာ တစ်နှစ်လျှင် ခုနစ်လက်မအထိ မြင့်တက်လာကြောင်း တွေ့ရှိခဲ့ရသည်။

ယင်းကဲ့သို့ မီးတောင်တွင်းဝပတ်လည်မြေပြင် မို့မောက်လာရခြင်းသည် မြေအောက်ချော်ရည်လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။ ဆန်တိုရီနီ မီးတောင်လှုပ်ရှားသက်ဝင်မှုကြောင့် ပေါက်ကွဲမှုအငယ်စားများ ဖြစ်လာနိုင်ပြီး ဆူနာမီရေလှိုင်း၊ မြေပြိုမှုနှင့် အခြားဘေးအန္တရာယ်များ ပေါ်ပေါက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။ ***အင်တာနက်။***

သက်တမ်း နှစ် ၄၀၀ ရှိ ကမ္ဘာကျော်စိန်ပွင့်ကို လေလံတင်ရောင်းချမည်

ပါရီ မေ ၂၄

ကမ္ဘာကျော် ပုဂ္ဂလိကပိုင် စိန်ပွင့်များအနက် သက်တမ်းအရင့်ဆုံးနှင့် နောက်ခံဇာတ်လမ်း အများဆုံး စိန်ပွင့်တစ်ပွင့်ဖြစ်သည့် သက်တမ်း နှစ် ၄၀၀ ရှိ Beau Sancy အမည်ရှိ စိန်ပွင့် (ဝဲပုံ)ကို ဆောက်သ်ဘီ လေလံကုမ္ပဏီက ရောင်းချသွားမည်ဖြစ်ကြောင်း မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယင်းစိန်ပွင့်ကို လက်ရှိအချိန်၌ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ခင်းကျင်းပြသထားသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ မေ ၁၄ ရက်တွင် လေလံတင်မရောင်းချမီ Beau Sancy စိန်ပွင့်ကို ဖူးရစ်မြို့နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တို့၌ ပြသဦးမည်ဖြစ်သည်။

Beau Sancy စိန်ပွင့်ကို ပြင်သစ်ဘုရင် ဟင်နရီ-၄ က ၁၆၀၄ ခုနှစ်တွင် မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ပြီး ၎င်း၏ မိဖုရား မာရီ ဒီ မိဒိစီအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

ဟင်နရီဘုရင် အသတ်ခံခဲ့ရပြီးနောက် ဥရောပ၏ အချမ်းသာဆုံး အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ဖူးသော မိဖုရား မာရီ ဒီ မိဒိစီမှာ ဆင်းရဲဒုက္ခရောက်ခဲ့ရပြီး စိန်ပွင့်ကို ပြန်လည်ရောင်းချခဲ့ရသည်။

Beau Sancy စိန်ပွင့်ကို ဥရောပတော်ဝင်မိသားစုလေးစုတို့က ခေတ်အဆက်ဆက် ပိုင်ဆိုင်ခဲ့ကြသည်။

ယင်းစိန်ပွင့်ကို နောက်ဆုံးပိုင်ဆိုင်ခဲ့သူများမှာ ဂျာမနီနိုင်ငံ၏ နောက်ဆုံးဧကရာဇ်မှ ဆင်းသက်လာသော အဆက်အနွယ်များ ဖြစ်ကြသည်။

Beau Sancy စိန်ပွင့်ကို အိန္ဒိယနိုင်ငံ ဂေါလ်ကွန်ဒါမြို့ရှိ နာမည်ကျော် ကျောက်တွင်းတစ်တွင်းမှ တူးဖော်ရရှိခဲ့ပြီး သစ်တော်သီး ပုံသဏ္ဌာန် သွေးယူပုံဖော်ထားသည်။ ***အင်တာနက်။***

နိုင်ငံသားများအားလုံးအကျိုးဖြစ်ထွန်းစေမည့် ပြောင်းလဲပြဌာန်းလိုက်သော ဝင်ငွေခွန်စနစ်သစ်

အခွန်ဝန်ထမ်းတစ်ဦး

ခေတ်ကာလနှင့်အညီ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းခဲ့သည့် ဝင်ငွေခွန်ဥပဒေ ပြင်ဆင်သည့်ဥပဒေများကို ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄)ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ခေတ်ကာလနှင့်ဆီလျော်မှုမရှိတော့သည့် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေကိုလည်း ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁)ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့မှာပင် ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။ ယခင်ကနိုင်ငံသားများ၏ ဝင်ငွေအပေါ်၌ကောက်ခံသည့် အခွန်ဥပဒေများကို အခွန်ထမ်းအမျိုးအစားပေါ်မူတည်ပြီး အခွန်ဥပဒေအမျိုးမျိုး(ဝင်ငွေခွန်နှင့်အမြတ်ခွန်)တို့ဖြင့် ခွဲခြားကောက်ခဲ့ပါသည်။ ယခုပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဝင်ငွေခွန်ဥပဒေနှင့်ရုပ်သိမ်းခဲ့သည့် အမြတ်ခွန်ဥပဒေတို့အရ နိုင်ငံသားများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေတစ်မျိုးတည်းဖြင့်သာ ကောက်ခံတော့မည်ဖြစ်ပါသည်။ ပြင်ဆင်အတည်ပြုပြဋ္ဌာန်းခဲ့သော ဝင်ငွေခွန် ဥပဒေပုဒ်မ (၅၁)ပုဒ်မခွဲ (က)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်နည်းဥပဒေနှင့် စည်းမျဉ်းများကို ၂၀၁၂ ခုနှစ် မတ် ၁၅ ရက်နေ့က အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် ဝင်ငွေခွန်နည်းဥပဒေနှင့်စည်းမျဉ်းများပါ ပြောင်းလဲသတ်မှတ်ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် စတင်အကျိုးသက်ရောက်တော့မည် ဖြစ်ပါသည်။ ယင်းအသစ်ပြဋ္ဌာန်းသည့် ဝင်ငွေခွန်စည်းမျဉ်းတွင် ဝင်ငွေအမျိုးအစားအလိုက် အခွန်မစည်းကြပ်ထိုက်သော ဝင်ငွေသတ်မှတ်ချက်များ၊ အခြေခံသက်သာခွင့်များ၊ အခြားသက်သာခွင့် သတ်မှတ်ချက်များနှင့် အခွန်နှုန်းသတ်မှတ်ချက်များ ပါဝင်သည်။

အခွန်နှုန်းသစ်များဖြင့် အခွန်တွက်ကြည့်ရအောင်

စီးပွားရေးလုပ်ငန်းများမှ တစ်နှစ်စုစုပေါင်းဝင်ငွေ ၁၂ သိန်းကျပ်အထက် ဝင်ငွေရရှိမည်ဆိုပါက ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းမှ စုစုပေါင်းဝင်ငွေဟုဆိုသည်မှာ အသုံးစရိတ်ကုန်ကျငွေများကို နုတ်ပယ်ပြီး ကျန်ဝင်ငွေ (သို့မဟုတ်)အသားတင်မြတ်စွန်းငွေကို ဆိုလိုခြင်းဖြစ်ပါသည်။ ယင်းဝင်ငွေများအပေါ် အခွန်တွက်ချက်ရာ၌ လုပ်ငန်းရှင်အတွက် အခြေခံသက်သာခွင့်အပါအဝင် အိမ်ထောင်ရှိပါက ဇနီး/ခင်ပွန်း(အိမ်ထောင်ဖက်)အတွက် သက်သာခွင့်များ၊ သားသမီးများရှိပါက သားသမီးတစ်ဦးချင်းစီတို့အတွက် သက်သာခွင့်များခွင့်ပြုရမည် ဖြစ်ပါသည်။ ယင်းသက်သာခွင့်များကို လုပ်ငန်းရှင်၏ တစ်နှစ်စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ရှိသော ဝင်ငွေအပေါ်၌သာ ဝင်ငွေအလွှာအလိုက် အခွန်တွက်ချက်ကောက်ခံပါသည်။ တစ်ဦးချင်းပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများအပေါ် အလွှာလိုက်ကျသင့်မည့် အခွန်နှုန်းများမှာ ၂ ရာခိုင်နှုန်း၊ ၄ ရာခိုင်နှုန်း၊ ၆ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၂ ရာခိုင်နှုန်း၊ ၁၄ ရာခိုင်နှုန်း၊ ၁၆ ရာခိုင်နှုန်း၊ ၁၈ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းစသည်ဖြင့် အဆင့်ဆင့်ဝင်ငွေအလွှာများသတ်မှတ်ပြီး ဝင်ငွေခွန်စည်းကြပ်ရမည့် သတ်မှတ်ဝင်ငွေကျပ် သိန်း ၃၀၀ အထက်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်းအထိအမြင့်ဆုံး သတ်မှတ်ထားပါသည်။ ယင်းစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအပေါ် အခွန်တွက်ချက်စည်းကြပ်မှုများကို အောက်ပါအတိုင်း နမူနာတွက်ချက်ပြပါမည်။

နမူနာတွက်ချက်မှု

လက်ဖက်ရည်ဆိုင် စီးပွားရေးလုပ်ငန်းတစ်ခုသည် လုပ်ငန်း၌သုံးစွဲခဲ့သော နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်စသည့် ကုန်ပစ္စည်းဖိုးများ အပါအဝင် အခြားကုန်ကျစရိတ်များနှင့်လုပ်အားခများအတွက်အသုံးစရိတ်ငွေများကို ယင်းလုပ်ငန်း၏တစ်နှစ်စုစုပေါင်းရောင်းရငွေများမှနုတ်ပယ်၍ တစ်နှစ်အတွင်း အသားတင်အမြတ်ငွေ/ဝင်ငွေစုစုပေါင်းမှာ ကျပ်သိန်း ၅၀ ရရှိသည်ဆိုပါစို့။ ၎င်းလုပ်ငန်းရှင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိ/ဝင်ငွေမရှိ(မှီခိုနေသည့်) ဇနီးသည်၊ ကျောင်းနေအရွယ်သားသမီးနှစ်ဦးရှိပါသည်။ ယင်းလုပ်ငန်းမှ အခွန်ပေးဆောင်ရမည့် ကျသင့်ငွေမှာ-

လုပ်ငန်းမှတစ်နှစ်(အသားတင်အမြတ်)ဝင်ငွေစုစုပေါင်း	= ၅၀၀၀၀၀၀ ကျပ်
(နုတ်) - အခြေခံသက်သာခွင့်	
(စုစုပေါင်းဝင်ငွေ၏ ၂၀ ရာခိုင်နှုန်း)	= ၁၀၀၀၀၀၀
- အိမ်ထောင်ဖက်အတွက်သက်သာခွင့်	= ၃၀၀၀၀၀
- သားသမီး နှစ်ဦးအတွက် တစ်ဦးလျှင် ၂၀၀၀၀၀ ကျပ်နှုန်းဖြင့် သက်သာခွင့်	= ၄၀၀၀၀၀
စုစုပေါင်းသက်သာခွင့်	= ၁၇၀၀၀၀၀ ကျပ်
ဝင်ငွေခွန်စည်းကြပ်ရမည့်သတ်မှတ်ဝင်ငွေ	= ၃၃၀၀၀၀၀ ကျပ်

ယင်းစုစုပေါင်းဝင်ငွေခွန်စည်းကြပ်ရမည့် သတ်မှတ်ဝင်ငွေအပေါ် သတ်မှတ်အလွှာအလိုက် အခွန်နှုန်းများဖြင့် အဆင့်ဆင့်အခွန်တွက်ချက်မှုမှာ-

- ပထမအလွှာ(၅၀၀၀၀၀)ကျပ်အပေါ် အခွန်နှုန်း ၂ ရာခိုင်နှုန်းဖြင့်	= ၁၀၀၀၀ ကျပ်
-ဒုတိယအလွှာ(၅၀၀၀၀၀)ကျပ်အပေါ် အခွန်နှုန်း ၄ ရာခိုင်နှုန်းဖြင့်	= ၂၀၀၀၀ ကျပ်
- တတိယအလွှာ(၁၀၀၀၀၀၀)ကျပ်အပေါ် အခွန်နှုန်း ၆ ရာခိုင်နှုန်းဖြင့်	= ၆၀၀၀၀ ကျပ်
- စတုတ္ထအလွှာ(၁၀၀၀၀၀၀)ကျပ်အပေါ် အခွန်နှုန်း ၈ ရာခိုင်နှုန်းဖြင့်	= ၈၀၀၀၀ ကျပ်
- ပဉ္စမအလွှာကျန်ငွေ(၃၀၀၀၀၀)ကျပ်အပေါ် အခွန်နှုန်း ၁၀ ရာခိုင်နှုန်းဖြင့်	= ၃၀၀၀၀ ကျပ်
စုစုပေါင်းကျသင့်အခွန်	= ၂၀၀၀၀၀ ကျပ်

တွက်ချက်ရရှိသည့် အခွန်ရလဒ်များကို သုံးသပ်ကြည့်ရအောင်

အထက်ဖော်ပြပါ တွက်ချက်မှုအရ တစ်နှစ်အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၅၀ ရရှိပြီး အိမ်ထောင်ဖက်နှင့် မှီခိုသားသမီး နှစ်ဦးရှိသည့် လုပ်ငန်းရှင်တစ်ဦးအပေါ် ကျသင့်သည့်အခွန်ငွေမှာကျပ် နှစ်သိန်းကျသင့်သဖြင့် တစ်နှစ်စုစုပေါင်းဝင်ငွေအပေါ်တွင် ၄ ရာခိုင်နှုန်းမျှသာအခွန်ကျခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းရှင်တစ်ဦးတွင် အိမ်ထောင်ဖက်မရှိ၊ သားသမီးမရှိသဖြင့် အခြေခံသက်သာခွင့်မှအပ အခြားသက်သာခွင့်များလုံးဝမရရှိသည့် ယင်းလုပ်ငန်းရှင်တစ်ဦး၏ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ အပေါ် ပြင်ဆင်သတ်မှတ်သည့် အခွန်နှုန်းများဖြင့် တွက်ချက်ကြည့်မည်ဆိုပါကလည်း ကျသင့်သည့်အခွန်ငွေမှာ ၇၉၀ ၀၀၀ ကျပ်သာကျသင့်သဖြင့် ယင်းလုပ်ငန်းရှင်၏ တစ်နှစ်စုစုပေါင်းဝင်ငွေအပေါ်တွင် အမြင့်ဆုံး ၈ ရာခိုင်နှုန်းခန့်သာ ကျသင့်မည် ဖြစ်ပါသည်။ ယင်းသို့ တွက်ချက်ရရှိသော ပေးဆောင်ရမည့် အခွန်ငွေရလဒ်များအပေါ် အခြေပြု၍သုံးသပ်ကြည့်မည်ဆိုပါက တစ်နှစ်ဝင်ငွေ ကျပ်သိန်း ၅၀ နှင့် ကျပ်သိန်း ၁၀၀ ကြား ရရှိနေသော နိုင်ငံသားများ၏ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား သင့်တင့်မျှတသည့် အခွန်နှုန်းများဖြင့်သာ ပြင်ဆင်သတ်မှတ်ထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ အကြီးစားစီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာနိုင်ငံသားများပိုင် ကုမ္ပဏီလုပ်ငန်းများအပေါ် ပြင်ဆင်သတ်မှတ်သည့် အခွန်နှုန်းများကို လေ့လာမည်ဆိုပါကလည်း ယခင်က ယင်းလုပ်ငန်းများ၏ တစ်နှစ်စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း သတ်မှတ်ထားသည့်အစား ၂၅ ရာခိုင်နှုန်းသို့ ပြောင်းလဲပြင်ဆင် သတ်မှတ်ထားခြင်းဖြစ်သဖြင့် အကြီးစားစီးပွားရေးလုပ်ငန်းများကိုလည်း အလားတူပြင်ဆင်သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများအပေါ် သင့်တင့်မျှတသည့် အခွန်နှုန်းများ ပြင်ဆင်သတ်မှတ်ထားခြင်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သော နိုင်ငံသား များပိုင် စီးပွားရေးလုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်က အခွန်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်ရအောင်

ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် အခွန်နှုန်းများကို ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ခြင်းမပြုဘဲ ရှေးမြန်မာမင်းများ၏ အခွန်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်ခြင်းအပေါ် များစွာအံ့သြကြမည်ဖြစ်ပါသည်။ နိုင်ငံတကာရှိ အခြားဖွံ့ဖြိုးပြီးနိုင်ငံများရှိ အခွန်နှုန်းများသာမက အိမ်နီးချင်းနိုင်ငံများ၏ အခွန်နှုန်းများသည်ပင်လျှင် ယခုပြဋ္ဌာန်းသည့် အခွန်နှုန်းထက် သာလွန်များပြားနေကြောင်း လေ့လာသိရှိနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ အခွန်နှုန်းအနည်းဆုံးကောက်ခံခဲ့သည့် ခေတ်ကာလကိုပင်အခြေခံ၍ နှိုင်းယှဉ်ကြည့်ရခြင်းဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်က မြို့စားရွာစားများသာခန့်ထားပြီး ပြည်သူလူထု၏ လုံခြုံရေးသက်သက်သာဆောင်ရွက်ပေးနိုင်သည့် ခေတ်ကာလမှာပင် ပြည်သူပြည်သားများမှရရှိသည့် ဝင်ငွေ/လယ်ယာ/ဥယျာဉ် ခြံမြေထွက်ကုန်များအပေါ် ဆယ်ဖို့တစ်ဖို့ ဆယ်ခိုင်တစ်ခိုင်နှုန်း (တစ်နည်းအားဖြင့် ၁၀ ရာခိုင်နှုန်း)ဖြင့် အခွန်ပေးခဲ့ကြရသည်နှင့်နှိုင်းယှဉ်ပါက ယခုပြင်ဆင်သတ်မှတ်သည့် အခွန်နှုန်းများမှာ လွန်စွာသင့်မြတ်သည့် အခွန်နှုန်းများဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

အခွန်ရှောင်ဖို့မလိုဘဲ ဝင်ငွေအမှန်အတိုင်း အခွန်ပေးရအောင်

ယခင်က ပြဋ္ဌာန်းခဲ့သော ဝင်ငွေခွန်ဥပဒေနှင့်စည်းမျဉ်းပါ အခွန်နှုန်းများအတိုင်း အခွန်ပေးဆောင်ရမည်ဆိုပါက ကျသင့်အခွန်နှုန်းများမှာ မြင့်မားလျက်ရှိနေသဖြင့် အခွန်ထမ်းဆောင်ကြရမည့် လုပ်ငန်းရှင်များသည် နည်းလမ်းပေါင်းမျိုးစုံကို အသုံးပြု၍ ခေတ်အဆက်ဆက် အခွန်တိမ်းရှောင်ခဲ့ကြပါသည်။ အခွန်ဌာနများမှလည်း ထိရောက်သည့် အခွန်စနစ်တည်ဆောက်ရန် နည်းလမ်းပေါင်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အခွန်ပေးဆောင်ရမည့် အခွန်ထမ်းများမှအခွန်ဥပဒေများအပေါ် လိုက်နာမှု လွန်စွာအားနည်းခဲ့ခြင်းများကြောင့် အခက်အခဲပေါင်းများစွာနှင့်တွေ့ကြုံခဲ့ရပြီး အခွန်တိမ်းရှောင်မှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ အခွန်တိမ်းရှောင်သည့်လုပ်ငန်းရှင်များသည် အခွန်တိမ်းရှောင်ရန်နည်းလမ်းများ အသုံးပြုရာ၌ မိမိ၏ဝင်ငွေအမှန်ဖြင့် ပုံမှန်ရေးဆွဲထားသည့် စာရင်းများအပြင် အခွန်စည်းကြပ်မှုခံယူရန်အလို့ငှာ အခွန်ဌာနသို့တင်ပြမည့် မမှန်ကန်သည့်စာရင်းများ ရေးဆွဲရန်အတွက် အကျိုးမရှိသောကုန်ကျငွေများ ရှိခဲ့ကြပါသည်။ ၎င်းအပြင် အခွန်လျော့နည်းစေရန်ရည်ရွယ်၍ အခြားမသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူအများစုမှာ မိမိနိုင်ငံကို အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်ကြပါသည်။ ဤသို့ မိမိနိုင်ငံအား ဖွံ့ဖြိုးတိုးတက်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ - ၃၈၉ တွင် ပြဋ္ဌာန်းပါရှိသော **"နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။"**ဟု ဖော်ပြပါရှိသည့်အတိုင်း နိုင်ငံသားတိုင်းသည် ပေးသင့်ပေးထိုက်သည့် အခွန်ငွေများကို အပြည့်အဝပေးဆောင်ကြရမည်သာ ဖြစ်ပါသည်။ ယခုအခါ ပြင်ဆင်ပြဋ္ဌာန်းခဲ့သော အခွန်ဥပဒေများအရ သင့်တင့်သော အခွန်နှုန်းများဖြင့်သာ အခွန်ပေးဆောင်ရတော့မည်ဖြစ်သဖြင့် ယခင်ကဲ့သို့ အခွန်တိမ်းရှောင်ခြင်း မပြုကြတော့ဘဲ ဂုဏ်သိက္ခာရှိရှိဖြင့် မိမိ၏ဝင်ငွေအမှန်ပေါ်တွင် ပေးသင့်ပေးထိုက်သည့်အခွန်ငွေများ အပြည့်အဝပေးဆောင်ကြရန် နိုင်ငံသားအားလုံးကို တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ॥

မန္တလေး-လားရှိုး ကားလမ်းပေါ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

သီပေါ ဧပြီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး)အဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက် နံနက် ၂ နာရီက ဒုတိယရဲမှူးရဲနိုင်၏ ကြီးကြပ်မှုဖြင့် (နောင်ချိုလုပ်ရှား)မှ ရဲအုပ်အောင်လှိုင်မြင့်နှင့်အဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၇၀/၅)တွင် တာဝန်ထမ်းဆောင်လျက်ရှိစဉ် လားရှိုးမှ မန္တလေးသို့ဆင်းမည့် ယာဉ်မောင်းဝင်းမြင့် မောင်းနှင်သည့် ရွှေသရဖူမှန်လုံခရီးသည် ယာဉ်အမှတ် ၃ခ/---- အား ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ် (၂၉)တွင် စီးနင်းလိုက်ပါလာသော ဦးမန်လျှံဆွန်း(ခေါ်) မောင်ဆွေ ယူဆောင်လာသည့် အရုပ်များပါ ပလတ်စတစ်အိတ်အတွင်းရှိ NAN - SIN တံဆိပ်ပါ ဆောင်းဘောက်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၂၆ ထုပ်၊ ၁၀၀ ပြားပါ တစ်ထုပ်၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၃၀၀၊ အလေးချိန် ၄၀ ဒသမ ၄၂ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရဲအုပ်အောင်လှိုင်မြင့်က တရားလိုပြုလုပ်၍ ဦးမန်လျှံဆွန်း(ခေါ်) မောင်ဆွေအား နောင်ချိုရဲစခန်းမှ မူးယစ်ဆေးဝါးဆိုင်ရာ ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၂၄၇)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများ

မြန်မာနိုင်ငံအနှံ့ နေရာဒေသမရွေး ယူဆောင်ဆက်သွယ် ပြောဆိုသုံးစွဲနိုင်မည့်အခြေအနေ အသိပေးတင်ပြချက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၅ ရက်

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ တပ်ဆင်ရေးစီမံကိန်း ပထမနှစ်၊ ပထမအဆင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြည်သူများမိုဘိုင်းတယ်လီဖုန်း အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစတင်၍ GSM/WCD-MA Mobile ဖုန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အစီအစဉ်အတိုင်း အဆင့်အလိုက် ရောင်းချပေးခဲ့ပါသည်။

၂။ ထိုကဲ့သို့ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစ၍ ရောင်းချပြီးသည့် GSM/WCDMA Mobile ဖုန်းများသည် ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ်များအတွင်းသို့ လောလောဆယ်တွင်ယူဆောင်၍ ဆက်သွယ်ပြောဆိုနိုင်ခြင်းမရှိသေးပါကြောင်း၊ ကျန်ရှိသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ GSM/UMTS Station ရှိသည့်နေရာများတွင်မူ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် GSM/UMTS Network အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ Transmission လမ်းကြောင်းများနှင့် Gateway များ တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းများပြီးစီးမည့် ၂၀၁၂ ခုနှစ် မေလပထမပတ်တွင် နေရာဒေသမရွေး ယူဆောင်ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ လိုအပ်သည့်စက်မှုပိုင်းဆိုင်ရာများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မတ်လ ၁၄ ရက်နေ့မှစ၍ ရောင်းချခဲ့ပြီးဖြစ်သော GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများကို ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့များအပါအဝင် မြန်မာနိုင်ငံအနှံ့ GSM/ UMTS Station ရှိသည့်နေရာများတွင် နေရာဒေသမရွေး ယူဆောင်ဆက်သွယ်သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း လေးစားစွာအသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဖလမ်းမြို့တွင် ၁ ဒသမ ၀၇ လက်မ၊ ပူတာအိုမြို့၊ မချမ်းဘောမြို့၊ တမူးမြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် သုည ဒသမ ၂၇ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မြိတ်မြို့နယ်အသင်း(ရန်ကုန်) ထာဝရ ပညာရေးငွေပဒေသာပင်အတွက် အလှူငွေလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ယုဇနဟိုတယ်ခန်းမ၌ ဧပြီ ၂၃ ရက်ကကျင်းပရာ အလှူရှင်များ လှူဒါန်းသောအလှူငွေများကို မြိတ်မြို့နယ်အသင်း(ရန်ကုန်)နာယက ဦးသန်းတင်နှင့် အသင်းမှတာဝန်ရှိသူများ လက်ခံစဉ်။
(ကြေးမုံ)

အောင်သီရိဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ရွာတော်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေနှင့် အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာငွေတို့ ရွာတော်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၄

အောင်သီရိဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ်လှူဒါန်းသော ရွာတော်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်ရွာ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးကြူနှင့် ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးသန်းငွေနှင့် ဦးသန်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူဦးသာငွေနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေနှင့် အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာငွေတို့က ရွာတော်အခြေခံ ပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင် သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေသခံပြည်သူများ သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ရွာတော်အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး တွင် အခြေခံပညာကျောင်းပေါင်း ၄၁၀၀၀ ကျော်ဖွင့်လှစ်ထားပြီး ဆရာ ဆရာမ နှစ်သိန်း ရှစ်သောင်းကျော်က ကျောင်းသား ကျောင်းသူ ၈ ဒသမ ၂ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပုဗ္ဗသီရိ မြို့နယ်ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းတွင် ဆရာ ဆရာမ အင်အား ၄၉၆ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၇၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေး လျက်ရှိပြီး ယခင်နှစ်များထက် ကျောင်းသား ကျောင်းသူ ၂၀ ရာခိုင်နှုန်းကျော် တိုးတက် လာကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ပညာသင် ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ရေးအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ မတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် မြို့နယ်/မြို့နယ်ခွဲအလိုက် ပညာသင်ဆုရွေးချယ်ရေး စာမေးပွဲများ ကျင်းပစစ်ဆေးရွေးချယ်ခဲ့ရာ အလယ်တန်း ပညာသင်ဆုရရှိကြသူများအား ပဥ္စမတန်း မှ အဋ္ဌမတန်းအထိ ပညာသင်ကာလ လေးနှစ်အတွက် တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းနှင့် အထက်တန်း ပညာသင်ဆုရရှိသူများအား နဝမတန်းမှ ဒသမတန်းအထိ ပညာသင်ကာလ နှစ်နှစ် အတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း တို့ဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာအတန်းစဉ်အလိုက် ဉာဏ် ပညာထက်မြက်ပြီး ဆက်လက်ပညာ သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအားလည်း မြို့နယ် အလိုက် ပညာသင်ထောက်ပံ့ကြေးများကို အတန်းစဉ်အလိုက် အခြေခံပညာအတန်း တစ်တန်းလျှင် ကျောင်းသား ကျောင်းသူ ၁၀၀၀ နှုန်းဖြင့် သူငယ်တန်းမှ ဒသမတန်း အထိ စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၁၀၀၀ အား နှစ်စဉ်ထောက်ပံ့ပေးသွား မည်ဖြစ်ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ကြီးများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် က အားထားရသူများ ပေါ်ထွန်းလာအောင် ကြိုးပမ်းလေ့ကျင့် သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာငွေက အောင်သီရိဖောင်ဒေးရှင်း ၏ ရည်ရွယ်ချက် (၆)ချက်အနက် ဒေသခံ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ ပေးရန်နှင့် ပညာရေးကဏ္ဍတွင် ပညာရေး ဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ ကျောင်းနေ အရွယ်ရောက်သူတိုင်း ပညာသင်ကြား ပေးနိုင်ရေးဆောင်ရွက်ရန် ရည်ရွယ်ချက် များကို ဖြည့်ဆည်းပေးရန်အတွက် ဤ ကျောင်းဆောင်သစ်ကို ဆောက်လုပ် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ရွာတော် ကျေးရွာနှင့် အနီးဆုံးကျောင်းမှာ ကျေးရွာ နှင့် နှစ်မိုင်ခန့်ဝေးကွာသည့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဖြစ်ပြီး ရွာနှင့် ကျောင်းအကြား၌ ရထားလမ်း၊ ကားလမ်းမကျယ်ကြီးများ ခြားနေ၍ မူလတန်းကလေးများ ကျောင်းသွား ကျောင်းပြန် အခက်အခဲများရှိခဲ့ကြောင်း၊ အချို့သောကလေးများမှာ ပညာဆက်လက် သင်ကြားနိုင်ခြင်းမရှိခဲ့သဖြင့် အောင်သီရိ ဖောင်ဒေးရှင်းက ကျောင်းဆောင်အသစ် တည်ဆောက်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မိမိတို့ အောင်သီရိဖောင်ဒေးရှင်းသည် ပုဗ္ဗသီရိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထူထောင်ထားခြင်းဖြစ်ပြီး ပုဗ္ဗသီရိ မြို့နယ်အတွင်းရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍ များ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာ အောင် ဆက်လက်ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မူလတန်းလွန်ကျောင်းသစ် နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ အား အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးအုန်းကျော်က ပုဗ္ဗသီရိမြို့နယ်ပညာရေးမှူး ဦးဇော်လင်းထံ လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးမောင်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ရွာတော်အခြေခံပညာမူလတန်းလွန် ကျောင်းသည် မြေ ၂ ဒသမ ၈ ဧက ကျယ်ဝန်းပြီး ၎င်းမြေပေါ်တွင် ပေ ၁၅၀ × ၂၁၀ ရှိ ယူပုံစံ R.C ကျောင်းဆောင်သစ် ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်အောင် ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။ ကျောင်းဆောင်သစ် တွင် စာသင်ခန်း ၁၅ ခန်းဖွဲ့စည်းထားပြီး ကျောင်းသားဦးရေ ၆၀၀ ကျော် တစ်ပြိုင်တည်း ပညာသင်ကြားနိုင်ကြောင်း သိရသည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ရည်ရွယ်ချက်(၆)ရပ်နှင့်အညီ ပုဗ္ဗသီရိ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ် ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေး အတွက် ပုဗ္ဗသီရိမြို့နယ်အတွင်း၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်တိုးချဲ့ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက် ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောင်းပေါင်း ၄၅ ကျောင်း ကို တည်ဆောက်ပြုပြင် တိုးချဲ့ဆောက်လုပ် ပေးခြင်း၊ ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးခြင်း၊ ပညာဆက်လက် သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက် အပံ့များ၊ ပညာသင်ဆုများ ပေးအပ်ချီးမြှင့် ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ်လှူဒါန်းသော ရွာတော် အခြေခံပညာမူလတန်းလွန်ကျောင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

Media in Womem in Sports Workshop တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၂၄

အိုမန်နိုင်ငံ Muscat မြို့၌ မေ ၂၅ ရက်မှ ၂၆ ရက်အထိကျင်းပမည့် Media in Womem in Sports Workshop သို့ တက်ရောက်ရန် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာ အောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၁၀ ၂။ နံနက်ခင်းသတင်း
- ၈း၀၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၄။ “ရင်နှစ်ပန်းတို့လန်းစေချင်”
- ၈း၄၀ ၅။ International News

ညပိုင်း

- ၄း၂၀ ၁။ တေးဂီတအစီအစဉ်
- ၄း၄၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်၊စိတ်ပညာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒအထူးပြုများ) (ဒဿနိကဗေဒ)
- ၅း၀၅ ၃။ “လက်တစ်ကမ်း”
- ၅း၅၀ ၄။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၅။ ညနေခင်းသတင်း
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၇း၁၅ ၈။ “လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်”
- ၇း၄၅ ၉။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၅)
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး”** (အပိုင်း-၄၉)
- ၁၃။ **မြန်မာဗီဒီယိုဇာတ်လမ်း “ကျွေးဖေဖေ”** [ရန်အောင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-အောင်ဩဘာ)]

ဆောက်လုပ်ရေး ဒုတိယဝန်ကြီး လမ်းပိုင်းများစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးတင့်သည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ တောင်ကြီး-လွိုင်လင်လမ်းပိုင်း နှင့် မိုင်းပွန်-လွိုင်လင်လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေး ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဒေသခံစိတ်ဓာတ် မွေးမြူ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား တာဝန်ထမ်းဆောင်ရေး တို့ကိုမှာကြားခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် တောင်ကြီးမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဗန်းမော်၊ မြစ်ကြီးနားနှင့် ပူတာအို လေဆိပ်များ စစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မြန်မာ့လေကြောင်း Beech 1900D လေယာဉ်ဖြင့် ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် ဗန်းမော် လေဆိပ်သို့ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းနှင့် တာဝန်ရှိသူတို့က ပြည်တွင်းလေကြောင်းလိုင်း သုံးလိုင်းမှ လေယာဉ်များ ဆင်းသက်မှုနှင့် ခရီးသည် အဝင်၊ အထွက် အခြေအနေများ၊ ဗန်းမော်လေဆိပ်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က မြစ်ကြီးနားလေဆိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လေယာဉ်ကွင်း ရှောင်ကွင်းလမ်းအသစ် တည်ဆောက်ပေးရန်၊ လေယာဉ်ပြေးလမ်း အလျားလုံလောက်မှုရှိစေရန်အတွက် တောင်ဘက်ထိပ်သို့ ပေ ၅၀၀ တိုးချဲ့တည်ဆောက်ရန်၊ လေဆိပ်အဆောက်အအုံတိုးချဲ့ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းဆက်သွယ်မှုလုပ်ငန်းများ အဆင့်တိုးမြှင့်ဆောင်ရွက်ရန် ပြောကြားပြီး လေယာဉ်ပြေးလမ်း အလျားပေ ၁၀၀၀ တိုးချဲ့ခြင်းလုပ်ငန်း၊ လက်ရှိလေဆိပ်အဆောက်အအုံ၊ DVOR အဆောက်အအုံ တည်ဆောက်နေမှုအခြေအနေ၊ လေဆိပ်အဝင်လမ်းနှင့် ကားရပ်နားရန်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပူတာအိုလေဆိပ်သို့ ရောက်ရှိပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့်ပုံစံများ၊ ကုန်ကျစရိတ်တွက်ချက်မှုများ အမြန်ဆုံးတင်ပြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကူးစက်ခြင်းမဟုတ်သော ရောဂါများနှင့် သက်ဆိုင်သည့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းကျင်းပသည့် စိတ်ကျန်းမာရေးနှင့် အာရုံကြောရောဂါများ အပါအဝင် ဖြစ်သော ကူးစက်ခြင်းမဟုတ်သော ရောဂါများနှင့် သက်ဆိုင်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလိုင်ဘန်ချန်းနှင့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကား ပြောကြားရာ၌ အရှေ့တောင်အာရှဒေသအတွင်း ကြီးထွားလာနေသည့် ကူးစက်ခြင်းမဟုတ်သော ရောဂါများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာနေကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ကျောင်းသားနှင့် အရွယ်ရောက်ပြီးသူများအတွင်း ဆေးလိပ်သောက်နှုန်း လျော့ကျသွားခဲ့ကြောင်း၊ ကူးစက်ခြင်းမဟုတ်သော ရောဂါများနှင့် ပတ်သက်သည့် အမျိုးသားအဆင့် လေ့လာခြင်းကိုလည်း ၂၀၀၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံကာ ကူးစက်ခြင်းမဟုတ်သော ရောဂါများကာကွယ်ရေး ဆောင်ရွက်ချက်များကို အရေးယူဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး ဒေါက်တာ ဆမ်လီပလိုင်ဘန်ချန်းက အမှာစကားပြောကြားရာတွင် ပေါ်နေသော မြင်သာသည့် အပိုင်းအစကလေးကိုသာ ပြောကြားနေကြခြင်းဖြစ်ကြောင်း၊ ပြဿနာပမာဏ၏ အဓိကထုထည်ပမာဏသည် ရေအောက်တွင်မြုပ်နေ၍ မသိဘဲ ဖြစ်နေကြရကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများ ပြုလုပ်ကြခြင်းဖြင့် မမြင်ရသေးသော အဓိက ထုထည်ပမာဏကိုလည်း ဖော်ထုတ်ကြရန် လိုအပ်သေးကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာ တင့်ဆွေလတ်က အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပြီး ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် စိတ်ကျန်းမာရေးနှင့် အာရုံကြောရောဂါများ အပါအဝင်ဖြစ်သော ကူးစက်ခြင်းမဟုတ်သော ရောဂါများနှင့် သက်ဆိုင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင်း ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများလျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ မေ ၁၄ ရက်မှစတင်၍ (၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် တစ်နှစ်သင်တန်းဖြစ်သည့် အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)ရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၇၄၈၅၆၊၀၉-၄၉၃၀၆၄၀၇ တို့သို့ စုံစမ်းနိုင်ပြီး သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊ အဆောင်နေစားစရိတ်ငြိမ်းနှင့် နယ်မှလာသော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ထေရဝါဒရှုထောင့်



မင်းနန်(မော်ကျွန်း) ရေးသားထားသော ထေရဝါဒရှုထောင့်စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေလိုက်သည်။

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်း ဘဝမွန်ကို ရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း၊ သီလမျှမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလျ၍မလာ၊ ဘာတရားထူးမျှလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာ ဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည် ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄)ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ်မှ ဖြန့်ချိထားသည်။

မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ



ဓမ္မာစရိယဦးမောင်မောင်လေး ရေးသားထားသော မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေလိုက်သည်။

အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သော ပါရမီရှင်အမျိုးသမီး ၁၂ ဦး၏ အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသောဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရမာတာဝိသာခါ၊ အမ္ဗပါလီ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ၊ ဒီဃကေသီ၊ ဥတ္တရာနှင့် သီရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်သည်။

အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄)ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ်မှ ဖြန့်ချိသည်။

အဖိုးထိုက်တန် အမှတ်တရတွေ ထာဝရရှင်သန်စေ စာအုပ်ထွက်ရှိ

ပါမောက္ခ ဒေါက်တာကြူကြူဆွေ၏ အဖိုးထိုက်တန် အမှတ်တရတွေ ထာဝရရှင်သန်စေ (To Keep alive forever, our cherished memories) အမည်ရှိ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားသော စာအုပ်ထွက်ရှိလာသည်။

စာရေးသူ ပါမောက္ခ ဒေါက်တာကြူကြူဆွေသည် ထူးချွန်ထင်ရှားသည့် မြန်မာအမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့သော ပါမောက္ခ ဒေါက်တာဖေသိန်း၏ ဇနီးဖြစ်သည်။ ပါမောက္ခ ဒေါက်တာကြူကြူဆွေသည် ဆေးတက္ကသိုလ်-မန္တလေးနှင့် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)တို့တွင် ပါမောက္ခ/ဌာနမှူးအဖြစ် လူနာများစွာကို ကုသရင်း ဆေးပညာများသင်ကြားပေးခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့တွင် ဥက္ကဋ္ဌအဖြစ် အပြည့်အဝတာဝန်ယူခဲ့သည်။

ဤစာအုပ်သည် အတ္ထုပ္ပတ္တိသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံဆေးပညာ သင်ကြားရေးနှင့် ကျန်းမာရေးလောက၏ နိုင်ငံတကာဆက်ဆံရေး အပါအဝင် ခေတ်ပြိုင်သမိုင်းနှင့် မှတ်တမ်းတင်ထိုက်သည့် လူ့သဘောသဘာဝ အခြင်းအရာများကို ရေးဖွဲ့ထားသောကြောင့် အဖိုးတန်စာပေ လက်ရာတစ်ရပ်ဖြစ်သည်။ ဤစာအုပ်တွင် ရှားပါးဓာတ်ပုံအမြောက်အမြားပါရှိပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းက ထုတ်ဝေကာ ရန်ကုန် ဦးမြင့်ဦးစာပေ၊ မန္တလေး ထွန်းဦးစာပေတို့က ဖြန့်ချိသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၉၀၀၀ ဖြစ်သည်။

သဘာဝအစာ သဘာဝဆေးစာအုပ် ထွက်ရှိ

ဟိန်း(ဘူမိ)ရေးသားသော သဘာဝအစာ သဘာဝဆေးစာအုပ်ထွက်ရှိလာသည်။ စာဖတ်သူများ အကျိုးများစေမည့် အကြောင်းအရာများကို စုစည်းထားသည်။ သွေးခဲခြင်း၊ သွေးကြောပိတ်ဆို့ခြင်း၊ သွေးတိုးကျခြင်း၊ စိတ်ကျရောဂါများ၊ စိတ်ကိုတည်ငြိမ်ပြီး အေးဆေးစေသော စားသောက်ဖွယ်ရာများ၊ ကင်ဆာရောဂါကို တိုက်ဖျက်ပေးသော စားဖွယ်ရာများ၊ ကိုလက်စထရောကျစေသော စားသောက်ဖွယ်ရာများ၊ အသက်ရှည်စေသည့် စားသောက်ဖွယ်ရာများ၊ မှတ်ဉာဏ်ကို ထက်မြက်စေသော စားသောက်ဖွယ်ရာများ စသည့် ဆောင်းပါးများဖြင့် ဖော်ပြထားသည်။ နေ့စဉ်စားသောက်နေရသည့် အစားအစာအဖြစ် လူသားများ၏ ကောင်းကျိုးချမ်းသာကို အထောက်အကူပြုစေမည့် သဘာဝအစာ သဘာဝဆေးစာအုပ်ကို မဇ္ဈိမစာပေမှ ဖြန့်ချိလိုက်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်
သိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေ
ဒေါက်တာဘိ(တ်)နောဘ်(စ်)ဦးဆောင်ေ

ပြည်ထောင်စုဝန်ကြီ
ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်

နေပြည်တော် ဧပြီ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာ



ပြည်ထောင်စုဝန်ကြီး ဦးသိ
လုပ်ငန်းညှိနှိုင်းအစည်

နေပြည်တော် ဧပြီ ၂၄

ဆက်သွယ်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များကို အသုံးပြု၍ ဆောင်ရွက်သွားမှသာ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မိုဘိုင်းဝန်ဆောင်မှုများရရှိမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် မိုဘိုင်းဖုန်းလိုင်းအင်အားကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ဧပြီ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ

နိုင်ငံတကာအနုပ

အယ်လီဇဘတ်တေလာ

အမေရိကန်ဟောလိဝုဒ် ရုပ်ရှင်လောကအသိုင်းအဝိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကဲ့သို့သော ပြဿနာများနှင့် ရင်ဆိုင်နေခဲ့ရသော နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သည့် လင်ဆေးလိုဟန်သည် ကွယ်လွန်သွားပြီ ဖြစ်သော ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးကြီး အယ်လီဇဘတ်တေလာနှင့် မင်းသားကြီး ရစ်ချက်ဘာတွန်တို့၏ ချစ်မှုရေးရာများကို ရိုက်ကူးတင်ပြ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဘိ(တ်)နောဘ်(စ်)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဘိ(တ်)နောဘ်(စ်)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ချစ်ကြည်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၄ — ဓနုဖြူမြို့နယ် ဥယျာဉ်ချောင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဥယျာဉ်ချောင်းကျေးရွာ ဥယျာဉ်ချောင်း ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် သက်တော်(၁၀၂)နှစ် သိက္ခာတော် (၈၃)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒသည် ၁၃၇၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက် ဧပြီ ၂၀ ရက် (သောကြာနေ့) နံနက် ၀၃း ၀၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"သီလပေးနှင့် သီလတန်ဖိုး" ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၁၁း၀၀	စာအုပ်စာပေလူ့မိတ်ဆွေ (အိမ်ထောင်ရေးကံကောင်းမှုလားနှင့် လက္ခဏာပညာ)
၁၂း၃၀	ဥက္ကံမြို့မှ စက္ကူအလင်းလှူဒါန်းပွဲ
၂း၂၀	အဝလွန်သူများအတွက် သဘာဝလက်ဆောင်
၅း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Prolink ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃)**
၇း၄၀	ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၁၈)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားများ] (အပိုင်း-၄)
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၂၀	Show Room (Part-13)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၁၇)**
၁၁း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂၃)**
၁၂း၀၅	World of Knowledge
၁း၀၀	အသည်းကင်ဆာ ရောဂါအကြောင်း သိကောင်းစရာ
၄း၄၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီ

နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဥယျာဉ်ချောင်းကျေးရွာ ဥယျာဉ်ချောင်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဥယျာဉ်ချောင်းကျေးရွာ၊ ခမည်းတော် ဦးပန်းခိုင်၊ မယ်တော်ဒေါ်ရွှေသစ်တို့မှ ၁၂၇၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်(တနင်္လာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် (၁၄) နှစ်သားအရွယ်တွင် ဥယျာဉ်ချောင်းကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုတော်မူပြီး ၁၂၉၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ယင်းကျောင်း ခဏ္ဍသိမ်၌ လက်ပံဇင်ကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြုလျက် ဥယျာဉ်ချောင်းကျေးရွာနေ ဦးဘိုးရင်၊ ဒေါ်စောမြိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဥယျာဉ်ချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် မန္တလေးမြို့ ရွှေရေးဆောင်တိုက်၊ ဘုရားကြီးတိုက်၊ အသောကာရာမတိုက်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ရှိ စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်း(၁၀)ဝါမှစ၍ ကျောင်းမှရဟန်းသာမဏေများနှင့် ဥယျာဉ်ချောင်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ညဝါ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် အခြေခံပညာယဉ်ကျေးမှုစာပေများကို သက်တော်(၇၅)နှစ် အထိ သင်ကြားပို့ချတော်မူခဲ့ပြီး ၁၃၁၅ ခုနှစ်မှစ၍ ဝိနယ၊ ပရိယတ္တိစာမေးပွဲပဓာနနာယကနှင့် ဓနုဖြူမြို့နယ်၊ ဆကာကြီး သုဓမ္မာနိကာယ သံဃာ့အဖွဲ့ကြီးနှင့် ဇလွန်မြို့နယ် ကျုံယုသုဓမ္မာနိကာယ သံဃာ့အဖွဲ့ကြီးတို့၏ ဦးစီးပဓာနနာယကအဖြစ်လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကဆရာတော်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ခမာဇာဂရိယ စသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၅ (၁၉၉၄)ခုနှစ်တွင် "သဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၆၄(၂၀၀၃)ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၃)ဝါအရ ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်(၂၀-၄-၂၀၁၂)(သောကြာနေ့)နံနက် ၃ နာရီ ၇ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရန်ကုန်မြို့အတွင်း အသစ်တိုးချဲ့တည်ဆောက်ထားသည့် GSM/ UMTS မိုဘိုင်းတယ်လီဖုန်းစခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်၊ GSM မိုဘိုင်းစခန်းသစ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ဆက်သွယ်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များကို အသုံးပြု၍ ဆောင်ရွက်သွားမှသာ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မိုဘိုင်းဝန်ဆောင်မှုများရရှိမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် မိုဘိုင်းဖုန်းလိုင်းအင်အားကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ဧပြီ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းမန်နေဂျာက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုဘိုင်းတယ်လီဖုန်း ရောင်းချနိုင်မှုများနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်များက ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် အခြားကုမ္ပဏီများက ရန်ကုန်မြို့အတွင်း မိုဘိုင်းတယ်လီဖုန်းကွန်ရက် ဆက်လက်တိုးချဲ့မည့် အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးကောင်းမွန်သည့် မိုဘိုင်းဆက်သွယ်မှု ကွန်ရက်ဖြစ်လာစေရန် ခေတ်မီနည်းပညာနှင့် အရည်အသွေးပြည့်မီသည့် စက်ပစ္စည်းများဖြင့် ပေါင်းစပ်တိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း အသစ်တိုးချဲ့တည်ဆောက်ထားသည့် GSM/ UMTS မိုဘိုင်းတယ်လီဖုန်းစခန်းနှင့် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ GSM မိုဘိုင်းတာဝါတိုင်နှင့် BTS စခန်းတို့သို့ သွားရောက်ပြီး စက်ပစ္စည်းများတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းစိန်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးဝင်းအတွင်း တပ်ဆင်ထားရှိသည့် GSM မိုဘိုင်းစခန်းနှင့် မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးအနီးရှိ GSM/ UMTS မိုဘိုင်းစခန်းတို့ကို သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မိုဘိုင်းဆက်သွယ်မှုများပိုမိုကောင်းမွန်စေရန် BTS စခန်းများနှင့် တာဝါတိုင်များ ထပ်မံတိုးချဲ့ ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလုပ်ငန်းတန်ဖိုးများကို လုပ်ငန်းပမာဏအလိုက် စိစိစစ်စစ် သုံးစွဲကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတကာအနုပညာရပ်ဝန်း

အယ်လီဇဘတ်တေလာအဖြစ် သရုပ်ဆောင်မည့် လင်ဆေးလိုဟန်

အမေရိကန်ဟောလိဝုဒ် ရုပ်ရှင်လောကအသိုင်းအဝိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကဲ့သို့သော ပြဿနာများနှင့် ရင်ဆိုင်နေခဲ့ရသော နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သည့် လင်ဆေးလိုဟန်သည် ကွယ်လွန်သွားပြီ ဖြစ်သော ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးကြီး အယ်လီဇဘတ်တေလာနှင့် မင်းသားကြီး ရစ်ချက်ဘာတွန်တို့၏ ချစ်မှုရေးရာများကို ရိုက်ကူးတင်ပြမည့် အတ္ထုပ္ပတ္တိဇာတ်ကားတွင် အယ်လီဇဘတ်တေလာအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တေလာနှင့် ဘာတွန်တို့၏ ဖြစ်ရပ်မှန်ချစ်ဇာတ်လမ်းကို အခြေခံရိုက်ကူးမည့် Liz & Dick အမည်ရှိ ဇာတ်ကားအတွက် သရုပ်ဆောင်များနှင့် ပတ်သက်၍ လပေါင်းများစွာ ကောလာဟလများ ထွက်ပေါ်ခဲ့ရာ အယ်လီဇဘတ်တေလာအဖြစ် လင်ဆေးလိုဟန်သရုပ်ဆောင်မည်ဖြစ်ကြောင်း သေချာသွားသော်လည်း ဘာတွန်အဖြစ် မည်သူသရုပ်ဆောင်မည်ကို အတည်ပြုထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

မင်းသမီးကြီး အယ်လီဇဘတ်တေလာသည် ၂၀၁၁ ခုနှစ် မတ်လအတွင်းက အသက်(၇၉)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ တေလာနှင့် ဘာတွန်တို့၏ ချစ်ဇာတ်လမ်းမှာ ၁၉၆၃ ခုနှစ်က ၎င်းတို့ ပူးပေါင်းသရုပ်ဆောင်ခဲ့သော Cleopatra ဇာတ်ကားမှ အစပြုခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့နှစ်ဦး လက်ထပ်ပေါင်းသင်းခဲ့ကြပြီး ၁၀ နှစ်အကြာတွင် ကွာရှင်းခဲ့ကြသည်။ တေလာနှင့် ဘာတွန်တို့သည် ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်လက်ထပ်ပေါင်းသင်းခဲ့ကြပြီး ၁၉၇၆ ခုနှစ် သြဂုတ်လတွင် ပြန်လည်ကွာရှင်းခဲ့ကြပြန်သည်။ ထိုစဉ်က ၎င်းတို့နှစ်ဦး၏ ပြန်ပေါင်းထုပ်လိုက် ကွာရှင်းလိုက်သတင်းမှာ သတင်းမီဒီယာများနှင့် ပရိသတ်များအတွက် ရေပန်းအစားဆုံးသတင်းဖြစ်ခဲ့ရသည်။

"အယ်လီဇဘတ်တေလာဟာ ကျွန်မလေးစားအားကျခဲ့တဲ့သူတစ်ဦးပါ။ သူဟာ သရုပ်ဆောင်ရာမှာ ဆွဲဆောင်မှုရှိပြီး ထူးချွန်ထက်မြက်တဲ့ မင်းသမီးတစ်ဦးအဖြစ်သာမကဘဲ အံ့သြစရာကောင်းတဲ့ အမျိုးသမီးတစ်ဦးလည်းဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ သူ့နေရာက ပါဝင်သရုပ်ဆောင်ခွင့်ရလို့ အလွန်ပဲဂုဏ်ယူကျေနပ်မိပါတယ်" ဟု လင်ဆေးလိုဟန်က ပြောကြားသည်။

ဤဇာတ်ကားကို လာမည့်ဇွန်လအစောပိုင်းတွင် လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရိုက်ကူးသွားမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း ဟောလိဝုဒ်ရုပ်ရှင်လောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူ အသက်(၂၅)နှစ်ရှိ မင်းသမီး လင်ဆေးလိုဟန်သည် Liz & Dick ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ပြီး မှတ်တမ်းကောင်းတစ်ခုရရှိရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ အယ်လီဇဘတ်တေလာအဖြစ် သရုပ်ဆောင်ရာတွင် ပီပြင်မှု ရှိ၊ မရှိကိုလည်း စောင့်မျှော်ရှုစားရဦးမည် ဖြစ်သည်။

အင်တာနက်။

ဟောလိဝုဒ်ရုပ်ရှင် လောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် မင်းသမီး လင်ဆေးလိုဟန်

အောဝမ်းစိုး

အတည်ပြုချိန် - ၁း၀၅

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad သည် ဧပြီ ၂၃ ရက် ညနေ ၅ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချွန်လွှာ (Letter of Exchange) ရေးထိုးမည့်ကိစ္စ၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံခြားသား ပညာရှင်များ စေလွှတ်ကူညီဆောင်ရွက်နိုင်ရေး၊ နည်းပညာနှင့် သင်တန်းများ၊ စက်ကိရိယာများ ပံ့ပိုးကူညီနိုင်ရေး၊ ၁၉၇၂ ခုနှစ် သန်းခေါင်စာရင်းဥပဒေ ဖြည့်စွက်ပြင်ဆင်ရေးလုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အီတလီနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၄

အီတလီနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Giuliomaria TEZIDI SANT' AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ ညနေ ၆ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andrea Bartorelli နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဗန်ကောက်အိုးပင်း စစ်တုရင်ပြိုင်ပွဲ ရွှေတံဆိပ်ရရှိ

နေပြည်တော် ဧပြီ ၂၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် ဗန်ကောက်အိုးပင်း စစ်တုရင်ပြိုင်ပွဲ (12th Bangkok Chess Club Open 2012)သို့ မြန်မာစစ်တုရင် အားကစားအဖွဲ့သွားရောက်ယှဉ်ပြိုင်ရာတွင် Challenger Section စစ်တုရင်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ တင့်ဆွေဝင်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)က ပထမနှင့် Open Section စစ်တုရင်ပြိုင်ပွဲ၌ အင်္ဂလန်နိုင်ငံမှ နီဂယ်ရှော့က ပထမရရှိခဲ့ကြောင်း သိရသည်။ Challenger Section စစ်တုရင်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အားကစားသမား ၉၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Open Section စစ်တုရင်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ အားကစားသမား ၁၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပဏာမနိုင်ငံ့လက်ရွေးစင်အသင်းအတွက် ဂေါက်သီးရိုက်အားကစားသမားများ ရွေးချယ်မည်

နေပြည်တော် ဧပြီ ၂၄

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားနည်းအောင်နိုင်ရေးအတွက် ပဏာမလက်ရွေးစင်အသင်း (ကျား/မ)ကို ပြိုင်ပွဲကျင်းပမည့်ကွင်း(နေပြည်တော်)၌ ကာလရှည်စခန်းသွင်းလေ့ကျင့်သွားရန် အားကစားဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

နိုင်ငံ့လက်ရွေးစင်အသင်းတွင် အားကစားသမားများအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် အားကစားသမားများသည် (၁၄)နှစ်မှ (၃၀)နှစ်အတွင်း ရှိရမည်ဖြစ်ပြီး အမျိုးသားများသည် အကျောပေးရိုက်ချက်(၀)မှ (၁၂)အတွင်း၊ အမျိုးသမီးများသည် အကျောပေးရိုက်ချက် (၀)မှ (၁၆)အတွင်း ရိုက်နိုင်သူများဖြစ်ရမည်။ ရွေးချယ်ခံရပါက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးဆုံးသည်အထိ နေပြည်တော်တွင် ကာလရှည်စခန်းသွင်း လေ့ကျင့်နိုင်သူများသာ ဝင်ရောက်အရွေးချယ်ခံရမည်ဖြစ်သည်။ လက်ရည်စစ်ရွေးချယ်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း (နေပြည်တော်)၌ ၂၀၁၂ ခုနှစ် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် တစ်ရက်လျှင် (၁၈)ကျင်းရိုက်၍ ရွေးချယ်မည်ဖြစ်ပြီး အားကစားသမားများသည် မိမိအစီအစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပဏာမရွေးချယ်ခံရသူများအား စခန်းသွင်းလေ့ကျင့်နေစဉ်အတွင်း နေထိုင်စားသောက်စရိတ်၊ လေ့ကျင့်ရေးစရိတ်၊ ထောက်ပံ့စရိတ်များအပြင် ပညာသင်ကြားနေဆဲဖြစ်က ဆက်လက်သင်ကြားနိုင်ရေး အားကစားဝန်ကြီးဌာနက ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မေ ၆ ရက်နောက်ဆုံးထား၍ (ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဲဗာတန်အသင်း နောက်ကောက်မကျစေရေး ကစားသမားဖြည့်တင်းရန် နည်းပြ ဒေးဗစ်မိုယက် အသင်းပိုင်ရှင်အား တောင်းဆို

လန်ဒန် ဧပြီ ၂၄

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်သည် ပရီမီယာလိဂ်တွင် အသင်းကြီးများ၏နောက်တွင် နောက်ကျကျန်ရစ်နေသည့်အဖြစ်ဆိုးမှ လွတ်မြောက်လိုပါက ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားကောင်းများ ခေါ်ယူနိုင်ရေးအတွက် ငွေကြေးထောက်ပံ့မှုများပေးရန် အသင်းပိုင်ရှင်ထံ တောင်းဆိုလိုက်ကြောင်း The Sun သတင်းဌာနက သတင်းဖော်ပြသည်။

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်။

အဲဗာတန်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက နီကီကာဂျယ်လာဗစ်၊ ဒါရွှန်ဂစ်ဘ်ဆင်နှင့် စတီဗင်ပီနာယားတို့အား ခေါ်ယူခဲ့ပြီး နောက် ၁၉ ပွဲကစားရာ၌ သုံးပွဲသာ ရှုံးပွဲရှိခဲ့ကြောင်း ဒေးဗစ်မိုယက်က ဆိုသည်။

ထို့ပြင် ပြီးခဲ့သည့် သီတင်းပတ်က မန်ယူအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း လေဂိုး-လေးဂိုးဖြင့် သရေကစားနိုင်ခဲ့သည်ဟု ဆိုသည်။

သို့သော် လက်ရှိတွင် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့်(၇)နေရာတွင် ရပ်တည်နေသော်လည်း ကစားသမားကောင်းများ ယခုထက်ရှိလာပါက အောင်မြင်မှုများရရှိမည်မှာ မလွဲမသွေဖြစ်ကြောင်း၊ စောစီးစွာ ကစားသမားကောင်းများ ဖြည့်တင်းနိုင်ခဲ့ပါမူ ကြီးမားသော အောင်မြင်မှုရရှိနိုင်ကြောင်းနှင့် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘတ်ဂျက်လုံလောက်စွာ ပေးနိုင်ပါက မကြာမီ ရလဒ်ကောင်းများ ရရှိလာမှာဖြစ်ကြောင်း အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်က ပြောကြားခဲ့သည်။

ထို့ကြောင့် အပြောင်းအရွှေ့ကာလဖြစ်သည့် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကစားသမားသစ်များ ရှာဖွေခေါ်ယူရမည် ဖြစ်ကြောင်းဆိုသည်။

အင်တာနက်။

○ ဗီလာရီးယဲလ်မှ

ထက်မနည်း အရန်ခုံတွင်သာ ရှိနေမည်ဖြစ်ပြီး ပထမအကြိမ် ခွဲစိတ်ကုသမှုကို ပြီးခဲ့သည့် သီတင်းပတ်က ကော်လိုရာဒို၌ ဆေးဝါးကုသမှုခံယူခဲ့ပြီး ဒုတိယအကြိမ် ခွဲစိတ်ကုသမှုကို ယခုနှစ် နွေရာသီတွင် ပြုလုပ်ရန် စီစဉ်ထားသည်ဟုဆိုသည်။

ဆေးဝါးကုသမှုတစ်ကြိမ် ပြုလုပ်ပါက လေးလခန့် အနားယူရမည်ဖြစ်ပြီး ဒုတိယအကြိမ် ခွဲစိတ်ကုသပါက ခြောက်လခန့် အနားယူရဖွယ်ရှိနေသည်ဟု ဆိုသည်။ ထို့ကြောင့် ဗီလာရီးယဲလ်အသင်းအနေဖြင့် ရို့ဆီအား ဒူးဒဏ်ရာ အမြန်ဆုံးပြန်လည်သက်သာလာရေးအတွက် ဆေးဝါးကုသမှုနှင့် ပတ်သက်၍ လိုအပ်သည့် အထောက်အပံ့များ ပေးထားကြောင်း ဗီလာရီးယဲလ်ဝက်ဘ်ဆိုက်က သတင်းဖော်ပြထားသည်။ ***အင်တာနက်။***

ဘောလုံးလောက သတင်းတိုများ

☞ ***စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဂျို့စ်မော်ရင်ဟိုအား အသင်းဟောင်း ချယ်လ်ဆီးအသင်းသို့ ပြန်လာမည်ဆိုပါက ပေါင် ၂၅ သန်းပေး၍ ခေါ်ယူရန် အသင့်အနေအထား၌ရှိကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က ပြောကြားခဲ့သည်။***

☞ *အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းအား နွေရာသီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမည်ဆိုပါက မန်စီးတီးတိုက်စစ်မှူးများဖြစ်သည့် ကားလို့စ်တီဗက်ဇ်နှင့် မာရီယိုဘာလော့တယ်လီတို့အား အဓိကထား ခေါ်ယူရန် အေစီမီလန်အသင်းဒုတိယဥက္ကဋ္ဌ အန်ဒရီယာနိုဂယ်လီယာနီက အကြံပြုထားသည်ဟု ဆိုသည်။*

☞ ***ရုရှားကလပ် ဇင်းနစ်အသင်းနည်းပြ လူစီယာနိုစပယ်လက်တီသည် ဂျူဗင်တပ်တိုက်စစ်မှူး အလက်ဆန်ဒရိုမက်ထရီအား ပြောင်းရွှေ့ကြေး ပေါင် ၁၈ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်ထားသည်ဟု ဆိုသည်။***

☞ *တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းသည် လက်ရှိနည်းပြ တီဂါနာနေရာတွင် ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့လာသည့် တိုက်စစ်မှူး နီကိုလက်အနယ်ကာအား အသင်းမန်နေဂျာအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း တရုတ်နှင့် ပြည်ပမီဒီယာများက သတင်းထုတ်ပြန်ထားသည်။*

☞ ***အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဇူလိုင် ၂၁ ရက်တွင် မြောက်အမေရိကအခြေစိုက် Toronto FC နှင့် ချစ်ကြည်ရေးခြေစမ်းပွဲ သွားရောက်ကစားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အတွက် လက်မှတ်များကို မကြာမီရောင်းချသွားမည်ဖြစ်ကြောင်း သတင်းဖော်ပြသည်။***

☞ *ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီတွင် အသင်း၏ ကွင်းလယ်အင်အားဖြည့်တင်းရေးအတွက် ဘရာဇီးကြယ်ပွင့် ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား ဝီလျံအား ပေါင် ၂၄ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း Daily Star က သတင်းဖော်ပြသည်။*

နိုင်လင်းကြည်

သူ့အမြင် သူ့အတွေး

အောင်ကျော်ညို(ဆင်ချဆိပ်)

မြို့ပြအလှ

မြန်မာမှုနယ်ပယ်တွင် လိုရင်းကို ဒက်ခနဲထိစေသော စကားလုံးတွေ အများအပြားရှိသည်။ ယင်းတို့တွင် အိမ်သာဟူသော ဝေါဟာရလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မည်သူက အစပြုမှည့်ခေါ်ထားခဲ့လေသည်မသိ။ စာနှစ်လုံးတည်းနှင့် ဆိုလိုရင်းကို ရှင်းလင်းသိသာစေသည်။

အိမ်ကိုသာယာစေသော အိမ်သာ။ အိမ်တစ်လုံး မိသားစုတစ်စုမှသည် မြို့ရွာ နိုင်ငံအထိ ကောင်းကျိုးချမ်းသာ အဝဝကို ပေးစွမ်းနိုင်သည့် အိမ်သာ။ မသုံးတတ်ပါက ကျန်းမာရေး၊ လူမှုရေးစသဖြင့် တစ်နွယ်ငင်တစ်စင်ပါ ဆိုးကျိုးအဖြာဖြာ သက်ရောက်စေနိုင်သည့်အိမ်သာ။ တစ်နည်း အိမ်သာသည် ပြည်သူလူထု၏ လူနေမှုအဆင့်ကို သတ်မှတ်ဖော်ပြပေးနေသော ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် စနစ်တကျ အိမ်သာသုံးစွဲမှု မရှိကြ၍ နှစ်စဉ်ဒေါ်လာ ဘီလီယံချီ ဆုံးရှုံးမှုရှိနေရကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ မိမိတို့နိုင်ငံ တာဝန်ရှိသူများ လမ်းကြောင်းတွင်လည်း အထူးသဖြင့် ကျောင်းများကို ရောက်ရှိလာပါက အိမ်သာ သန့်ရှင်းမှု ရှိ၊ မရှိ အဓိကထားကြည့်တတ်ကြသည်။ တစ်ကျောင်းလုံး၏ သန့်ရှင်းရေး စည်းကမ်းပိုင်းဟူသမျှ အိမ်သာနှင့် အဆုံးအဖြတ်ပြုသွားကြသည်။ အိမ်သာဟူသည် အသိရှိသူ လူဟူသမျှ အလေးထားကြသည့် အဆောက်အအုံအသေးစားတစ်မျိုးဖြစ်သည်။

ယခုကာလ လူကြီးလူငယ်မရွေး ကိုရီးယားကား အကြည့်များကြသည်။ ကိုရီးယားလို ဝတ်စားဆင်ယင်တတ်လာကြသည်။ အအေးပိုင်းရပ်ဝန်းနေ ကိုရီးယားတွေကဲ့သို့ အီကွေတာဒေသမှ မြန်မာနိုင်ငံသားတချို့ Hot Pot အိုးဘေးထိုင်ကာ ဘီယာ၊ အရက် တမြမြနှင့် ချွေးဒီးဒီးကျ စားသောက်တတ်လာကြသည်။ ခေတ်လူငယ်လေးများ ကျား၊ မ မရွေး၊ နေ့ည မရွေး၊ နေရာမရွေး အတူတွဲကာ ဘီယာဆိုင်ထိုင်တတ်လာကြသည်။ အတုမြင် အတတ်သင်တတ်ကြသည်မှာ တားဆီးနယ်နိမိတ်သတ်မှတ်၍ မရနိုင်သော ယဉ်ကျေးမှုကူးစက်ရောဂါတစ်မျိုး ဖြစ်သည်။ ထိုနည်းတူ ကိုရီးယားကားတွေမှ ကောင်းသောအရာများကိုလည်း ကြည့်တတ်၊ မြင်တတ်၊ နမူနာယူတတ်နိုင်ရမည်။ အထူးသဖြင့် အိမ်သာတွေ၏ သန့်ရှင်းသပ်ရပ်မှု။

စားသည့်အစာ အာဟာရဖြစ်ဖို့ ကောင်းနိုးရာရာ ချက်ပြုတ်စားသောက်ကြသလို အိမ်သာကိုလည်း စနစ်တကျ သန့်ရှင်းသပ်ရပ်ရှိသင့်သည်။ ဤသည်မှာ လူ့အဆင့်အတန်း "စံ" တစ်မျိုးဖြစ်သည်။ "ကုဋ္ဌိ"ကို ဆေးကြောက အကုသိုလ်ဟူသမျှ ကင်းစင်သည်ဟု လူကြီးမိဘ ညွှန်ပြစကားရှိသည်။ အိမ်သာသန့်ရှင်းရေး၊ စနစ်တကျ သုံးစွဲရေးကို ဘုရားရှင်ကိုယ်တော်တိုင် တပည့်သာဝကများအား ဆုံးမစကား စည်းကမ်းထားကာ လမ်းညွှန်ခဲ့မှုများ ဖတ်မှတ်ဖူးပါသည်။

ယခုအခါ ရန်ကုန်မြို့တော်၏ အိမ်သာများကို အဆင့်မြှင့်တင်လာနေပြီဖြစ်ပါသည်။ အတွင်းအပြင် သန့်ရှင်းသပ်ရပ်လျက် ခေတ်မီအိမ်သာအသုံးအဆောင် စုံစုံလင်လင်တွေ့ရသည်။ သို့သော် မြို့ပြလူဦးရေနှင့် အချိုးညီဖို့ လိုနေသေးသည်။ မြို့ပြရပ်ဝန်းအနှံ့ ဘီယာ၊ အရက်ဆိုင်များ ပလူပျံနေသလို အိမ်သာအရေအတွက်လည်း ထိုနည်းနှင်နှင် ဖြစ်လာက ကောင်းလေစွ။ တရုတ်ပြည်တက္ကသိုလ်ကျောင်းသူများ အုပ်စုဖွဲ့ပြီး ယောကျ်ားလေး သီးသန့်အိမ်သာများကို ဝင်စီးကြသည့် သတင်းထူးတစ်ပုဒ်ဖတ်လိုက်ရသည်။ ယင်းတက္ကသိုလ်များတွင် ကျား၊ မအိမ်သာ အချိုးမညီ၊ မလုံလောက်မှု၏ ပေါက်ကွဲသံစဉ် သတင်းတစ်ပုဒ်ဖြစ်သည်။

မြို့ပြ၏ လက်ရှိအိမ်သာများ အခပေးနေကြရသေးသည်။ အခမပေးရသေးသော အဆင့်မြင့်အိမ်သာဆို၍ မဟာရန်ကုန်တွင် တိရစ္ဆာန်ဥယျာဉ်တစ်နေရာတည်းသာ ရှိသည်။ တိရစ္ဆာန်ဥယျာဉ်တွင်လည်း ယခင်ဝင်ကြေး လူကြီး ၅၀၀ နှင့် ကလေး ၂၀၀ ကို နှစ်ပေါင်းမှ အညစ်အကြေးလို စွန့်ပစ်ထားခဲ့ပြီး နှစ်ဆန်းတွင် လူကြီး ၁၀၀၀ ကလေး ၅၀၀ တိုးမြှင့်ကောက်ခံလာခဲ့ရာ အိမ်သာဝင်ကြေးပါ ထပ်ဆောင်းထားသလားအောက်မေ့ရသည်။ အခွန်ထမ်းပြည်သူများအတွက် မြို့ပြအိမ်သာများသည် တစ်ချိန်ချိန် အခမဲ့အိမ်သာများ ဖြစ်လာနိုင်သည်။ လက်ရှိတွင် တာဝန်ရှိသူများဘက်မှ အရေအတွက်ရော၊ အရည်အသွေးပါ အဆင့်မြှင့်တင် တည်ဆောက်ပေးလာနေသလို အသုံးပြုပြည်သူတွေဘက်မှလည်း "အသိ" မြှင့်တင်သုံးစွဲလာပါမှ မြို့ပြအလှကို ထင်ဟပ်ပေါ်လွင်လာစေမည်ဖြစ်ပါသည်။ အရာရာတွင် မိမိကိုယ်မိမိ တာဝန်ယူလာနိုင်မှုသည် ဒီမိုကရေစီ၏ အနှစ်သာရပင်မဟုတ်ပါလော။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေကို နိုင်ငံတော်က ပြန်လည်ထူထောင်ရန် အစီအစဉ်ရှိ/မရှိနှင့် သိမ်းယူထားသည့် အုန်းခင်းများအား မူလပိုင်ရှင်များသို့ ပြန်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ဂွမြို့နယ် ကမ်းသာယာကမ်းခြေမှ ဦးပိုင်အမည်ပေါက် မြေဧရိယာ(၃၀၇ ဒသမ ၇၂)ဧကရှိ တောင်သူ(၁၉၂)ဦးအတွက် နှစ်ရှည်သီးနှံလျော်ကြေးငွေ ကျပ်(၇၃၆၂၄၇၀)၊ တောင်သူ(၁၉၇)ဦးအတွက် မြေလျော်ကြေးငွေ (၇၀၀၄)ကျပ်၊ တောင်သူ (၃၉)ဦးအတွက် ယာယီတဲအိမ်နှင့်ပျဉ်ထောင်အိမ်ပြောင်းရွှေ့စရိတ် လျော်ကြေးငွေ (၂၆၃၈၃၅)ကျပ် စုစုပေါင်း လျော်ကြေးငွေ (၇၆၃၃၃၀၉)ကျပ်အား ၁၉၉၈ ခုနှစ် မတ်လနှင့်ဧပြီလအတွင်း ပေးလျော်ခဲ့ပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ ထို့နောက် ကမ်းသာယာကမ်းခြေရှိ စုစုပေါင်းမြေဧရိယာ(၄၂၇ ဒသမ ၄၁)ဧကအနက်မှ မြေ(၄၅ ဒသမ ၈၂)ဧကအပေါ်တွင် အဆောက်အအုံ(၂၀)ဖြင့် ကမ်းသာယာအပန်းဖြေစခန်းအား ဆောက်လုပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် ဂွမြို့နယ်သို့ ၂၉-၄-၂၀၀၆ ရက်တွင် မာလာလေမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ကမ်းသာယာဟိုတယ်အဆောက်အအုံ(၁၄)လုံး အမိုးလန်ပြိုကျခဲ့ပြီး လက်ရှိအခြေအနေတွင် အဆောက်အအုံ(၂၀)ရှိသော်လည်း အဆင်ပြေတည်းခိုနိုင်သော အဆောက်အအုံ(၃)လုံးနှင့် အခန်း(၅)ခန်းသာရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သာယာလှပသော ပင်လယ်ကမ်းခြေများ များစွာရှိသည့်အနက် ယခုလက်ရှိ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိသော ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေဒေသများကိုသာ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်စေရေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိအခြေအနေတွင် ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေအား ပြန်လည်ထူထောင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ချောင်းသာ၊ ငွေဆောင်၊ ငပလီကမ်းခြေဒေသများသို့ ပြည်တွင်း ပြည်ပဧည့်သည် တိုးတက်ဝင်ရောက်လာမှုအလားအလာအပေါ်မူတည်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လမ်းပန်းဆက်သွယ်ရေးမှအစ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီးမှသာ ကမ်းသာယာအပန်းဖြေစခန်းအား ပြန်လည်ထူထောင်ရန် စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၏ **ဟိုပန်မြို့နှင့် အနီးကပ် ဆက်စပ်လျက်တည်ရှိသော ဖာခါးကြိုးဝိုင်းအား သစ်တောဧရိယာသတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး မူလပိုင်ရှင်ဖြစ်သော ကျေးလက်နေတောင်သူလယ်သမားများ၏ စိုက်ပျိုးရေးမြေအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖာခါးကြိုးဝိုင်းမှာ မူလကကြိုးဝိုင်းဧရိယာဧက(၂၀၄၈၀) ဖွဲ့စည်းရန်လျာထားခဲ့သော်လည်း ကြိုးဝိုင်းဖွဲ့စည်းမည့် ဧရိယာအတွင်း မော်ဟွေ့၊ ဟာဖြတ်၊ ဖားဟာ၊ ဖာလင်နှင့် ပန်ကောက်ကျေးရွာအုပ်စု (၅) အုပ်စုရှိ ကျေးရွာပေါင်း(၄၇)ရွာအတွက် ရွာမြေနှင့်ယာမြေ စုစုပေါင်း (၂၃၆၃ ဒသမ ၅)ဧက ပါဝင်နေသဖြင့် ၎င်းတို့ကို ချန်လှပ်ပြီး ကြိုးဝိုင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါကျေးရွာများအတွက် ကြိုးဝိုင်းအတွင်း ဖြတ်သန်းသွားလာခွင့်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်တို့ကို သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ သို့ဖြစ်ရာ ကြိုးဝိုင်းဖွဲ့စည်းပြီးမှ မြို့ပေါ်ရပ်ကွက်တွင်နေထိုင်သူများ၏ ကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်မှုများမှာ ဖော်ပြပါကြိုးဝိုင်းမဖွဲ့မီ နေထိုင်သူများအတွက် ခွင့်ပြုပေးသည့် ဆိုင်ရာဆိုင်ခွင့်များနှင့် အကျုံးဝင်ခြင်းမရှိပါကြောင်း။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ ဖာခါးကြိုးဝိုင်းတွင် ကြိုးဝိုင်းမဖွဲ့စည်းမီက ရှိနေသည့် ကျေးရွာသားများအား သစ်တောဥပဒေအရ ဆိုင်ရာဆိုင်ခွင့်များကို ပေးထားပြီးဖြစ်ပါကြောင်းနှင့် ကြိုးဝိုင်းဖွဲ့စည်းပြီးမှ ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုများကိုမူ သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ခြင်းအား ပယ်ဖျက်ခြင်းမပြုဘဲ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြစေရေးအတွက် ဒေသခံလူထုအား စည်းရုံးကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

မီးတောင်ပြာမှုန့်လွှာအောက်ဘက်ရှိ ရှေးဟောင်းသစ်တောကို လေ့လာ

အင်တာနက်ရှေးဟောင်းသုတေသန
ဘာသာပြန် - ရောမောင်

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသ၌ မီးတောင်ပြာမှုန်များ ဖုံးအုပ်ထားသောနေရာ၌ ရှာဖွေတွေ့ရှိရသည့် သက်တမ်း သန်း ၃၀၀ ရှိ အပူပိုင်းသစ်တောကို တရုတ်နှင့် အမေရိကန်သိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြသည်။

အဆိုပါ ရှေးဟောင်းသစ်တောကို တရုတ်နိုင်ငံ ဝူဒါမြို့အနီးရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၏အောက်ဘက်တွင် ရှာဖွေတွေ့ရှိခဲ့ရသည်။

မီးတောင်ပေါက်ကွဲမှုတစ်ခုကြောင့် ဖြစ်ပေါ်ခဲ့သော ပြာမှုန်များအောက်သို့ သစ်တောကြီးတစ်ခုလုံး ရက်ပိုင်းအတွင်း ကျရောက်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

ရှေးဟောင်းသစ်တော၏ သစ်ပင်များမှာ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် မပျက်မစီးရှိနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရကြောင်း၊ သစ်ရွက်များ၊ သစ်ကိုင်းများ၊ ပင်စည်များစသည့် အခြင်းအရာများပါဝင်သော သစ်ပင်ငယ်အချို့ကို ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်သိပ္ပံပညာရှင် ပါမောက္ခ ဟာမန်းပီဖာကွန်းက ပြောကြားသည်။

သုတေသနအဖွဲ့သည် ရှေးဟောင်းသစ်တောကို ဖုံးအုပ်နေသော မီးတောင်ပြာမှုန့်အလွှာကို သုတေသနပြု လေ့လာခဲ့သည်။

ယင်း မီးတောင်ပြာမှုန့်အလွှာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၉၈ သန်းခန့်က ဖြစ်ပေါ်ခဲ့ကြောင်း သုတေသနအဖွဲ့၏ လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

မီးတောင်ပြာမှုန့်လွှာအောက်ဘက်ရှိ ရှေးဟောင်း သစ်တောကို သုတေသနပြု လေ့လာလျက်ရှိစဉ်။

ဗီလာရီးယဲလ်တိုက်စစ်မှူး ရို့ဆီ တစ်နှစ်လုံး အနားယူရဖွယ်ရှိနေ

ဗီလာရီးယဲလ်တိုက်စစ်မှူး ရို့ဆီ**(အောက်ပုံ)**သည် ၂၀၁၃ ခုနှစ်တိုင်အောင် အသင်း၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အင်တာနက်အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ရို့ဆီသည် ၎င်း၏ ဒူးဒဏ်ရာအား ခွဲစိတ်ကုသမှုနှစ်ကြိမ် ပြုလုပ်ရန်

လိုအပ်နေခဲ့ခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီကုန်အထိ အသင်း၌ မပါဝင်နိုင်သေးကြောင်း ဗီလာရီးယဲလ် ဝက်ဘ်ဆိုက်က သတင်းထုတ်ပြန်ထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရို့ဆီသည် ဒူးဒဏ်ရာခွဲစိတ်ကုသမှု နှစ်ကြိမ်ပြုလုပ်ရမည်ဖြစ်ရာ ၁၀ လ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍**

(25-4)20.pmd 1 4/25/2012, 5:08 AM